ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့ ငြိမ်း**

ဤလောကၥ ရန်တို့သည် ရန်တုံ့မူခြင်းအားဖြင့် ဘယ်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူသဖြင့်သာလျှင် ရန်တို့သည် ငြိမ်းကုန်၏၊ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘော ပေတည်း။

ယမကဝဂ်( ဓမ္မပဒ-၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 September 2025 ၁၁၉၂၉

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် စက်တင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလုပ်သဘော ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား သွားရောက်ဖူးမြော်ကြည်ညို သည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် လင်ကွမ်းဘုရားကျောင်းသို့ ရောက်ရှိကြရာ ကျောင်းတိုက်မှ တာဝန်ရှိသူများနှင့် ဒေသခံဗုဒ္ဓဘာသာဝင်များက ကြိုဆိုနှုတ်ဆက်ကြ သည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် စွယ်တော်ကျောင်းတိုက် ဆရာတော်အား ဖူးမြော် ကြည်ညိုပြီး **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆





ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား ဖူးတွေ့ရစဉ်။

**ဖူးမြော်ကြည်ညို**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေကျင်းမြို့ လင်ကွမ်းဘုရားကျောင်းတိုက် အတွင်း လှည့်လည်ဖူးမြော် ကြည်ညိုစဉ်။

ယနေ့ ဖတ်စရာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံဆွေးနွေး** စာမျက်နှာ » ၅

**DEMU အမြန်ရထားများဖြင့် ခရီးသွားကဏ္ဍ တစ်ခေတ်ဆန်းသစ်** ဆောင်းပါး စာမျက်နှာ » ၈

ကြေးမုံ

# ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုအပေါ်အခြေခံ ဘုံအကျိုးဖြစ်ထွန်းရေးပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တီယန်ကျင်းမြို့တွင် ကျင်းပပြုလုပ်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus)သို့ ပါဝင်တက်ရောက်ပြီး အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားရန်၊ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာများဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်ပြီး ပထဝီ–နိုင်ငံရေး အချက်အချာကျသည့်နေရာတွင် တည်ရှိသည်။ ကောင်းမွန်မျှတသော အပူပိုင်းဒေသ ရာသီဥတုရှိသည့်အတွက် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံပြီး စက်မှုဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်ဆောင်ရွက်နိုင်မည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းကောင်းများစွာရှိသည်။ ပထဝီ–နိုင်ငံရေးနှင့် စီးပွားရေး အချက်အချာကျသည့်နိုင်ငံဖြစ်သောကြောင့် အင်အားကြီးနိုင်ငံအချို့သည် ၎င်းတို့နှင့် လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်လိုကြသည်။

ထိပ်သီးအစည်းအဝေးတွင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက "ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အနေဖြင့် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးနှင့် ကမ္ဘာ့ဂျီဒီပီ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိသည့်ဒေသတစ်ခုကို ပိုင်ဆိုင်ပြီး အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်နှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအပါအဝင် စွမ်းအင်ကဏ္ဍစီမံကိန်းများ၊ စားနပ်ရိက္ခာဖူလုံရေးနှင့် စွမ်းအင်လုံခြုံရေးတို့အတွက် အရင်းအမြစ်များကို အတူတကွအသုံးပြုနိုင်ရန် ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များစွာပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ခြင်းကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုနှင့် စွမ်းအင်ကဏ္ဍတို့တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အဖွဲ့ဝင်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် မျှော်လင့်ထားရှိပါကြောင်း" ပြောကြားခဲ့သည်။

လုံခြုံရေးကဏ္ဍနှင့်ပတ်သက်၍ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ယနေ့မျက်မှောက်ခေတ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အကြမ်းဖက်ဝါဒ၊ ခွဲထွက်ရေးဝါဒနှင့် အစွန်းရောက်ဝါဒတို့၏ ခြိမ်းခြောက်မှုများကို တိုက်ဖျက်ရာတွင် ထိရောက်သည့်အောင်မြင်မှုများကို ဂုဏ်ယူဖွယ်ရာတွေ့မြင်ရပါကြောင်း၊ ထို့အပြင် ခေတ်မီနည်းပညာရပ်များဖြစ်သည့် ဉာဏ်ရည်တု (AI)နည်းပညာနှင့် Data အုပ်ချုပ်မှုဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အလေးထားလုပ်ဆောင်လျက်ရှိသည့်အတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏ အသီးအပွင့်များကို ခံစားရလျက်ရှိကာ အနာဂတ်တွင် ဖြစ်ပွားလာနိုင်သည့် ခေတ်မီနည်းပညာသုံးတိုက်ခိုက်မှုများကို စုပေါင်းကာကွယ်နိုင်သည့် အလားအလာများကိုလည်း တွေ့မြင်ရပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ မူဘောင်များအောက်မှ ပါဝင်ကာ ဒေသလုံခြုံရေးနှင့် ခေတ်မီနည်းပညာဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း" ပြောကြားခဲ့သည်။

အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ယုံကြည်မှု၊ ကွဲပြားသည့် ယဉ်ကျေးမှုများကို အပြန်အလှန်တန်ဖိုးထား လေးစားမှု၊ သာတူညီမျှရှိမှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှန်ဟိုင်းစိတ်ဓာတ် (Shanghai Spirit)၏ လမ်းပြရှေ့ဆောင်မှုအောက်တွင် အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်နိုင်ရန် အတူတကွ ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ ဆွေးနွေးဖက်နိုင်ငံအဖြစ် ၂၀၂၃ ခုနှစ် မေလက ပါဝင်ခွင့်ရခဲ့သည်။ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) က ဦးဆောင်ကျင်းပပြုလုပ်ခဲ့သည့် အခမ်းအနားများတွင်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍လည်း မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာစေရေး ထောက်ခံအားပေးနိုင်ပါရန် အလေးအနက် မေတ္တာရပ်ခံထားသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် အနာဂတ်တွင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ မူဘောင်များအတွင်း ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားတန်ဖိုးထားမှုအပေါ် အခြေခံပြီး အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများအကြား ထိတွေ့ဆောင်ရွက်မှုများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ကာ ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ခိုင်မာစွာယုံကြည်ပါကြောင်း။ ။

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပမည်

၁။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် "သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများ" ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲ စည်းကမ်းသတ်မှတ်ချက်များကို https://bit.ly/47Md8Ck တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ် ၀၆–၇ ၃၄၀၄၀၄၉၊ ၀၆–၇၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန**

## လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် စက်တင်ဘာ ၂ ရက်အထိ သေဆုံးသူ ၃၇၈၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၁၁ ဦးရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၇၅ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂**

ယနေ့ နံနက်ဖြနာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက်ဖြနာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ၂ - ၉ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၃၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂ - ၉ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၃၀၀ | ၇၇၁ | ၅,၄၅၂,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၁၅၀ | ၁,၃၆၅ | ၄,၂၈၆,၅၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၈၂ | ၆၀၆,၈၀၀ |
| FPB | ၁,၉၅၀ | ၁,၉၅၀ | ၂,၇၁၇ | ၅,၂၉၈,၁၅၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၇၀၈ | ၁,၈၄၀,၈၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၆၁၃ | ၁,၁၃၄,၅၅၀ |
| AMATA | ၃,၂၀၀ | ၃,၁၅၀ | ၈၃၉ | ၂,၆၇၃,၆၅၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၈၀ | ၂၆၄,၀၀၀ |
| MADPL(PLB) | ၂,၈၅၀ | ၂,၈၅၀ | ၃၀ | ၈၅,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | – | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | – | အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | – | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | – | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | – | ဇင်မာဝင့် |
| | | | **စာပြင်** | – | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | – | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | – | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီး လုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



☆ ရှေ့ဖုံးမှ

ဗုဒ္ဓမြတ်စွယ်တော်အား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ဖူးမြော်မှု အခြေအနေများ၊ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံသို့ ပင့်ဆောင် အပူဇော်ခံလိုမှုနှင့် စွယ်တော်မြတ် ကျောင်းတိုက်အတွက် လိုအပ်ချက်များကို မေးမြန်း လျှောက်ထားရာ ဆရာတော်ကြီးက ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ဖူးမြော်လျက်ရှိမှုနှင့် စွယ်တော်မြတ်ကျောင်းတိုက်အား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ပြန်လည်မိန့်ကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ကျောင်းထိုင်ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စွယ်တော်မြတ်ကျောင်းတိုက်အတွက် ဘက်စုံစုပေါင်းအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စွယ်တော်မြတ်စေတီတော် ကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး စွယ်တော်မြတ်စေတီတော်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုရာ ကျောင်းထိုင်ဆရာတော်ကြီးက ဗုဒ္ဓမြတ်စွယ်တော်သမိုင်းအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းတိုက်အတွင်းရှိဗုဒ္ဓရုပ်ပွားတော်များအား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

အဆိုပါ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ် စံပယ်တော်မူသည့် လင်ကွမ်း ဘုရားကျောင်းသည် ပေကျင်းမြို့တွင်တည်ရှိပြီး ဗုဒ္ဓ၏ စွယ်တော်၊ ဓာတ်တော်နှင့် ရှေးဟောင်း စေတီတော်များ တည်ရှိသောကြောင့် လူသိများသော သမိုင်းဝင်ဗုဒ္ဓဘုရားကျောင်းတစ်ခုဖြစ်ကြောင်း၊ အဆိုပါဘုရားကျောင်းအား တန်မင်းဆက်လက်ထက်တွင် တည်ဆောက်ခဲ့ပြီး မူလက ကျိမ်ကျယ်ဘုရားကျောင်းဟုခေါ်တွင်ခဲ့ကြောင်း၊ လျောင်မင်းဆက်လက်ထက်တွင် ဘုရားကျောင်းကို ပြန်လည်တည်ဆောက်ခဲ့ပြီး လင်ကွမ်းဘုရားကျောင်းဟု အမည် ပြောင်းလဲခဲ့ကြောင်း၊ မင်မင်းဆက် လက်ထက်တွင် ဘုရားကျောင်းသည် ဝတ်ပြုရေးနှင့် ဘုရားဖူးခရီးစဉ်ကို အဓိကဗဟိုပြုချက်ဖြစ်လာခဲ့ကြောင်း၊ ချင်မင်းဆက်၊ ချင်လုံကေရာဇ်လက်ထက် ၁၇၄၈ ခုနှစ်တွင် အုတ်နှင့်ကျောက်တို့ဖြင့် ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်ရန် Tooth Relic စေတီကို တည်ဆောက်ခဲ့ကြောင်း၊ စေတီတော်သည် ၁၃ ထပ်ရှိပြီး အဋ္ဌဂံအုတ်မျှော်စင်ဖြစ်ကြောင်း၊ ချင်မင်းဆက်ကျဆုံးပြီး ၁၉ ရာစု မှ ၂၀ ရာစုအစောပိုင်း နိုင်ငံရေးမငြိမ်သက်မှုများကြောင့် ဘုရားကျောင်း ထိန်းသိမ်းမှုကို



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ စွယ်တော်မြတ်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပေးအပ်စဉ်။

ထိခိုက်စေခဲ့ပြီး ဒုတိယတရုတ်-ဂျပန်စစ်ပွဲ(၁၉၃၇-၁၉၄၅)အတွင်း ပျက်စီးခဲ့ကြောင်း၊ ၁၉၈၀ နောက်ပိုင်း ပြုပြင်ပြောင်းလဲရေးခေတ်နောက်ပိုင်းတွင် ပြန်လည်၍ ပြုပြင်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ် စံပယ်တော်မူသည့် စေတီတော်အား ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ထားကြောင်း၊ အဆိုပါ လင်ကွမ်းဘုရားကျောင်းရှိ ဗုဒ္ဓမြတ်စွယ်တော်အား ၁၉၅၅ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ် မြန်မာနိုင်ငံသို့ပင့်ဆောင်ပူဇော်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဇနုဖြူမြို့နယ်၌ ဓာတ်မြေသြဇာများ ဈေးနှုန်းသက်သာစွာဖြန့်ဖြူးပေးအပ်



**ဇနုဖြူ စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဇနုဖြူမြို့နယ်၌ ကျေးရွာအုပ်စုများမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမရှိသည့် တောင်သူများအတွက် ဈေးနှုန်းသက်သာသော သွင်းအားစု ဓာတ်မြေသြဇာများ ဖြန့်ဖြူးပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က နိုင်ငံ့စီးပွားရန်ပုံငွေနှင့် အကျုံးမဝင်သည့် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား ဓာတ်မြေသြဇာများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်စေရန်အတွက် ပို့ဆောင် ရောင်းချပေးလျက်ရှိပါကြောင်း၊ သီးနှံပေါ်ပေး(အကြွေး) စနစ်ဖြင့် တောင်သူများ အဆင်ပြေစေရန်ရည်ရွယ်ပြီး ဆောင်ရွက်ပေးကြောင်း ပြောကြားသည်။

ဆက်လက်၍မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ချိုလွင်က လုပ်ငန်းအစီအစဉ်နှင့် စာချုပ်စည်းကမ်းများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ဓာတ်မြေသြဇာသယ်ယူဖြန့်ဖြူးရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းမရှိသော ကျေးရွာအုပ်စု ၆၃ အုပ်စုရှိ မိုးစပါးစိုက်ပျိုးတောင်သူများထံသို့ မြင်းပျံယူရီးယား ဓာတ်မြေသြဇာ အိတ် ၁၁၇၅၀ နှင့် စွဲမက်ကွန်ပေါင်း ၁၃၇ အိတ်၊ အာမိုကွန်ပေါင်း အိတ် ၂၅၀၀၊ GBS ကွန်ပေါင်း ၁၃၆ အိတ်၊ ရွှေမြေကွန်ပေါင်း ၂၂၂၇ အိတ်ကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

**ရန်ကုန် စက်တင်ဘာ ၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ သာကေတမြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် ဗိုလ်တထောင် မြို့နယ်တို့သို့ သွားရောက်၍ ဩဂုတ်လအတွက် မီတာဖတ်ရှုနေမှုများနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေးဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် လျှပ်စစ်မန်နေဂျာရုံးတွင် ဝန်ထမ်းများနှင့် တွေ့ဆုံကာ မီတာဖတ်ရှုရာတွင် မီတာယူနစ်များ လက်ကျန်မရှိစေရေး၊ ပိုဖတ်/လိုဖတ်များ မရှိစေရေး၊ မီတာချို့ယွင်းမှုများကို တာဝန်ရှိသူအဆင့်ဆင့်ထံ လျှပ်စစ်ပုံစံ(၂၉၀) ဖြင့် စနစ်တကျတင်ပြရေးတို့ကို မှာကြားသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သာကေတမြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးများသို့သွားရောက်၍ မီတာဖတ်ရှုနေမှု အခြေအနေများ၊ ဓာတ်အားပျောက်ဆုံးမှု အခြေအနေများနှင့် ဓာတ်အားခကြွေးကျန် အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လက်အောက်ဝန်ထမ်းများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ လုပ်ကိုင်ဆောင်ရွက်တတ်စေရေး တာဝန်ရှိသူ အဆင့်ဆင့်တို့က စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

## ဓာတ်အားပျောက်ဆုံးမှုလျော့နည်းရေး ဆောင်ရွက်နေမှုများ ကွင်းဆင်းကြပ်မတ်စစ်ဆေး



**ချစ်ဆောင်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းမြို့မှ အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါပြီး ပေကျင်းမြို့သို့ ရောက်ရှိ

## တရုတ်နိုင်ငံမှ ပြည်သူများက ဘူတာရုံလျှောက်လမ်း၌ နိုင်ငံအလံများ ဝှေ့ယမ်း၍ နှုတ်ဆက်

**နေပြည်တော် စက်တင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် တီယန်ကျင်း ဘူတာမှ ပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့် ထွက်ခွာကြသည်။

ထိုသို့ထွက်ခွာစဉ် တီယန်ကျင်းဘူတာရုံ၌ တီယန်ကျင်းမြို့ မြူနီစီပယ်အစိုးရမှ ဒုတိယဝန်ကြီး အဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ထိုသို့ပို့ဆောင်နှုတ်ဆက်စဉ် တရုတ်နိုင်ငံမှ ပြည်သူများက ဘူတာရုံလျှောက်လမ်း၌ နိုင်ငံအလံများဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါကြပြီး လမ်းတစ်လျှောက် မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ Southern Station ဘူတာသို့ ရောက်ရှိကြရာ ပေကျင်းမြူနီစီပယ်အစိုးရမှ ဒုတိယဝန်ကြီး အဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်နိုင်ငံပြည်သူများက ဘူတာရုံလျှောက်လမ်းတစ်လျှောက် အလံများ ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာခဲ့ကြပြီး ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ရောက်ရှိခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ တီယန်ကျင်းဘူတာမှ ပေကျင်းမြို့သို့ အထူးအမြန်ရထားဖြင့် စီးနင်းလိုက်ပါကြစဉ်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တီယန်ကျင်းမြို့ မြူနီစီပယ်အစိုးရမှ တာဝန်ရှိသူများက တီယန်ကျင်း ဘူတာရုံ၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပေကျင်းမြို့ မြူနီစီပယ်အစိုးရမှ တာဝန်ရှိသူများက ပေကျင်းမြို့ Southern Station ဘူတာရုံ၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂**

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပေကျင်းမြို့၌ အလုပ်သဘောခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ သမ္မတ H.E. Mr. Han Zheng နှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌအား တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ဒုတိယသမ္မတက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်း တင်ဓာတ်ပုံရိုက်သည်။

**တက်ရောက်**

ထို့နောက် တွေ့ဆုံပွဲအခမ်း အနားကိုကျင်းပရာ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်း ရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲ ရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြ သည့် ဒေါက်တာ ဝါဝါမောင်၊ ဦးမင်းနောင်၊ ဦးချစ်ဆွေ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာမြန်မာ နိုင်ငံသံအမတ်ကြီး ဦးတင်မောင် ဆွေ၊ ခရီးစဉ်တွင် လိုက်ပါလာသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိ သူများတက်ရောက်ကြပြီး တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဒုတိယ သမ္မတနှင့်အတူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံအစိုးရအဖွဲ့မှ တာဝန် ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် SCO အဖွဲ့အစည်းသည် အရှေ့ တောင်အာရှ နိုင်ငံများအတွက် အရေးပါသည့် အဖွဲ့အစည်းတစ်ခု ဖြစ်သည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် SCO အဖွဲ့ တွင် ပါဝင်နိုင်ရေး ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေ များ၊ မြန်မာ-တရုတ် နှစ်နိုင်ငံ အကြား အိမ်နီးချင်းကောင်းနိုင်ငံ များဖြစ်သည်နှင့်အညီ အေးအတူ ပူအမျှ အတူတကွ ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု အခြေအနေ များ၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ အပြန်အလှန်အထောက် အကူပြုလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ ဆက်လက် တိုးမြှင့်ဆောင်ရွက် သွားမည့်အခြေအနေများ၊ နယ်စပ် ဒေသ တည်ငြိမ်အေးချမ်းရေး အတွက် နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ အနေဖြင့် ပြည်တွင်းငြိမ်းချမ်း ရေးရရှိရန် ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား စီးပွားရေး တိုးတက်စေရေး ပူးပေါင်းဆောင် ရွက်လျက်ရှိမှု အခြေအနေများ၊ မတ်လအတွင်း လှုပ်ခတ်ခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် ထိခိုက် ပျက်စီးခဲ့မှုများအပေါ် တရုတ်နိုင်ငံအနေဖြင့် ကူညီ ဆောင်ရွက်ပေးလျက်ရှိမှု အခြေ အနေများ၊ မြန်မာနိုင်ငံ၏ တည်ငြိမ် အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေးအတွက် ကူညီဆောင်ရွက်ပေး လျက်ရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ အပြန်အလှန်ရင်းနှီး ပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**တွေ့ဆုံ ဆွေးနွေး**

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Mr. Han Zheng တို့ ကျောက်ယွိထိုင် နိုင်ငံတော် ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးစဉ်။





# ဒုတိယဝန်ကြီး ဦးကိုကိုကျော် Save the Children International (SCI) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Wang Le အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် Save the Children International (SCI) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Wang Le အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် Save the Children International (SCI) တို့အကြား လက်ရှိနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုအလားအလာ များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံး မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၂**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ အလုပ်သဘော ခရီး ရောက်ရှိနေသည့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာ သံရုံးနှင့် စစ်သံရုံးမိသားစုများ၊ ပညာတော်သင် ကျောင်းသား ကျောင်းသူများအား ဒေသစံတော် ချိန် ညနေ ၅ နာရီတွင် တရုတ် ပြည်သူ့ သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ခရီးစဉ်တွင်လိုက်ပါ လာသည့် ကော်မရှင်အတွင်းရေး မှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင် အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ကော်မရှင်အဖွဲ့ဝင် ညွှိနှိုင်း ကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်မောင်ဆွေနှင့်ဇနီး၊ မြန်မာ စစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူး ချုပ် ဇော်ဇော်နိုင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးမိသားဝင်များနှင့် ပညာ တော်သင် ကျောင်းသား ကျောင်းသူ များတက်ရောက်ကြသည်။

ဦးစွာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နှင့် စစ်သံမှူးတို့က သံရုံး၊ စစ်သံရုံး မိသားစုများအား တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ယင်းနောက် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားရာ တွင် မိမိအနေဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ၏ ဖိတ်ကြားမှုကြောင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) နှင့် တရုတ်ပြည်သူများ ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်း အနားသို့ တက်ရောက်ရန် လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတကာအခမ်း အနားများသို့ တက်ရောက်ခွင့် ရခြင်းသည် မိမိတို့နိုင်ငံအတွက် ကောင်းမွန်သည့် အကျိုးရလဒ် များကို ရရှိစေကြောင်း။

မိမိ၏ အလုပ်သဘောခရီးစဉ် အတွင်း တရုတ်ပြည်သူ့သမ္မတ နိုင်ငံသမ္မတ၊ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတတို့နှင့် တွေ့ဆုံ ဆွေးနွေးနိုင်ခဲ့ပြီး ကောင်းမွန်သည့် ရလဒ်များရရှိအောင် ဆွေးနွေးနိုင် ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံ မှုများ ကောင်းမွန်တိုးတက်လျက်ရှိ ကြောင်း၊ အလားတူ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့်လည်း ဆက်ဆံ မှု တိုးတက်ကောင်းမွန်အောင် ပူးပေါင်း ဆောင်ရွက်လျက် ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ် ရေးရရှိပြီး အချိန်မှစတင်၍ နိုင်ငံ ရေးစနစ်အမျိုးမျိုး၊ စီးပွားရေးစနစ် အမျိုးမျိုးဖြင့် လျှောက်လှမ်းခဲ့ရ ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမို ကရေစီအထွေထွေရွေးကောက်ပွဲ ကို ကျင်းပပြုလုပ်၍ နိုင်ငံတော်အား ပါတီစုံဒီမိုကရေစီ လမ်းကြောင်း ပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာမှုရှိစေရေး တပ်မတော်အနေဖြင့် ကြိုးပမ်း ဆောင်ရွက်လျက် ရှိကြောင်း၊ ဒီမိုကရေစီ ပထမအစိုးရသက်တမ်း တွင် ဒီမိုကရေစီစနစ်ခိုင်မာစေရေး ကြိုးပမ်း ဆောင်ရွက်ခဲ့သကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေး ရရှိစေရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက် ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် ပြည်တွင်းငြိမ်းချမ်း ရေးသည် မဖြစ်မနေလိုအပ် ကြောင်း။

တပ်မတော်သား များသည် ပြည်သူများ၏ အစိတ်အပိုင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်သည်နှင့် အညီ ပြည်သူများ လိုလားသည့် ပါတီစုံ ဒီမိုကရေစီ လမ်းကြောင်းပေါ် တွင် ခိုင်မာစွာဖြင့် ဆက်လက် လျှောက်လှမ်းနိုင်ရေး တပ်မတော် အနေဖြင့် ကြိုးပမ်းဆောင်ရွက် လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် လာမည့် ဒီဇင်ဘာလအတွင်း ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ခြင်းလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက် ရာ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင် စာရင်းကို အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူ ခြင်းဖြင့် မဲဆန္ဒရှင်စာရင်းများ ကို ရရှိနိုင်သကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း များ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အကူပြုနိုင်ကြောင်း။

ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများ အားလုံး ဆန္ဒမဲပေးနိုင်ရေး မိမိတို့ အနေဖြင့်ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ရွေးကောက်ပွဲအား ဒေသအလိုက် တည်ငြိမ်အေးချမ်း မှုများကိုအခြေခံ၍ အပိုင်းလိုက် ကျင်းပဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး အတွက် မြန်မာအီလက်ထရောနစ် မဲပေးစနစ်(MEVM)ဖြင့် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ တကာတွင်လည်း အဆိုပါမဲပေး စနစ်ဖြင့် ဆန္ဒမဲများပေးလျက် ရှိကြောင်း၊ ဒီမိုကရေစီနိုင်ငံများ၌ ရွေးကောက်ပွဲသည် အရေးကြီး ပြီး ရွေးကောက်ပွဲပြုလုပ်ရာတွင် မဲမသမာမှုများမဖြစ်ရန် အရေးကြီး ကြောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စား လှယ်များအနေဖြင့် ပညာတတ် များဖြစ်ရန်လည်း လိုကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ချိန် တွင် နိုင်ငံအတွက်၊ ဒေသအတွက် အကျိုးပြုနိုင်မည့်သူကို ကိုယ်စား လှယ်အဖြစ် ရွေးချယ်နိုင်ရန် လိုကြောင်း။




စီးပွားရေးနှင့်ပတ်သက်၍ မိမိ တို့နိုင်ငံအနေဖြင့် လွတ်လပ်ရေး ရရှိပြီးစ အချိန်မှစတင်၍ နိုင်ငံရေး စနစ်အမျိုးမျိုး၊ စီးပွားရေစနစ် အမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ကြ ကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် စီမံခန့်ခွဲမှုနှင့် လွဲမှားသည့်မူဝါဒ များကြောင့် နိုင်ငံ့စီးပွားရေးမှာ ကျဆင်းခဲ့ကြောင်း၊ မိမိတို့တာဝန် ယူချိန်တွင် နိုင်ငံ့စီးပွားတိုးတက် ရေးအတွက်ကြိုးပမ်းဆောင်ရွက်ခဲ့ ကြောင်း၊ ပြည်တွင်း၌ ထုတ်ကုန် များ ထုတ်လုပ်မှုများ တိုးတက် အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သို့မှသာ ပြည်တွင်း သုံးစွဲမှုဖူလုံပြီး ပိုလျှံသည်များကို ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း ထုတ်ကုန်များတိုးတက် အောင်ထုတ်လုပ်နိုင်မှသာ နိုင်ငံ၏ စီးပွားရေးမှာ တိုးတက်ကောင်းမွန် လာမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း အနေဖြင့် အလုပ်လုပ်မှသာ နိုင်ငံ၏ စီးပွားရေးမှာ တိုးတက် ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အတန်းပညာရှိသည့် ပညာတတ် လူသား အရင်းအမြစ်များ လုံလောက်စွာရှိရန် လိုကြောင်း၊ အတန်းပညာများ တိုးတက်လာမှ သာ အသိပညာများ တိုးတက်လာ မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ် မှု အားပေးစို့”၊ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”၊ “နိုင်ငံ တော် သာယာဖို့ သဘာဝပတ်ဝန်း ကျင်ထိန်းကြစို့”ဆိုသည့် ဆောင်ပုဒ် များကို ချမှတ်ထားကြောင်း၊ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံအတွင်း နေထိုင်ကြသူများ အားလုံးတွင် တာဝန်ရှိကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးအတွက် သံတမန်တာဝန် ထမ်းဆောင်နေ ကြသူများရှိသကဲ့သို့ နိုင်ငံတော် ၏အကျိုးကို ထမ်းဆောင်နိုင်ရန် အတွက် ပညာတော်သင်အဖြစ် လာရောက် ပညာသင်ကြားနေကြ သူများလည်းရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် တတ်နိုင်သည့်ဘက်မှ အားလုံးဝိုင်းဝန်း ဆောင်ရွက် ပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေး ကော်မရှင်ဥက္ကဋ္ဌက သံရုံး၊ စစ်သံရုံးမိသားစုများ နှင့် ပညာတော်သင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ရာ သံအမတ်ကြီးနှင့်ဇနီး မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ သံရုံး စစ်သံရုံး မိသားစုများနှင့် ပညာ တော်သင်များက လက်ခံရယူကြ သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက သံရုံး၊ စစ်သံရုံး မိသားစု များအား ရင်းရင်းနှီးနှီး နှုတ်ဆက် ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်–၂၀၂၅ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် –၂၀၂၅ (Future Front Myanmar : Youth Strategy Forum – 2025) ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညပိုင်းက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC)ခန်းမ၌ ကျင်းပသည်။







ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အခမ်းအနားတက်ရောက်လာကြသူများ တိုင်းရင်းသားလူငယ်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**တက်ရောက်**

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းထွန်းဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးများ၊ မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်–၂၀၂၅ သို့ တက်ရောက်ခဲ့ကြသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှလူငယ်ရေးရာကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာ ကိုယ်စားလှယ်များက အနာဂတ်၏ အလင်းရောင်များ တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် –၂၀၂၅ ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ရေးရာ ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ နိုင်ငံတော်အဆင့် ဖိုရမ်လေးခုကျင်းပခဲ့ရာ ယခုကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် –၂၀၂၅ သည် နိုင်ငံတော်အတွက် အနှစ်သာရအရှိဆုံးနှင့် အားအဖြစ်ဆုံး ဖိုရမ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့်ဖိုရမ်သို့ တက်ရောက်လာကြသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ယခုဖိုရမ်သို့ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တက်ရောက်လာကြသည့်အတွက် မတူကွဲပြားသည့် တိုင်းရင်းသားလူငယ်များအနေဖြင့် အတွေးအခေါ်အယူအဆများ တစ်ဦးနှင့်တစ်ဦး တစ်ထပ်တည်းမကျနိုင်သော်လည်း အနာဂတ်နိုင်ငံတော်သို့သွားရာတွင် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး လှပသာယာ ဖွံ့ဖြိုးတိုးတက်အောင် ထုဆစ်ပုံဖော်နိုင်သူများ ဖြစ်ကြပါစေကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်အား ဂုဏ်ပြုမှတ်တမ်း ပေးအပ်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ပုံရိပ်ဖော်ဆွန်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကို (ကိုကိုစက်မှုတက္ကသိုလ်)၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် လူငယ်ရေးရာ ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ဆက်လက်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်တို့က နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် လူငယ်ရေးရာ ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းများနှင့် ဖိုရမ်အထိမ်းအမှတ် တံဆိပ်များ ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူငယ်ရေးရာကိုယ်စားလှယ်များက အပျိုတော်ယိမ်းအက၊ လူချွန်လူကောင်း တေးသီချင်း၊ လှမျိုးစုံကြွယ် ယဉ်တစ်ကိုယ်မယ် ခေတ်ခြောက်ခေတ် ယိမ်းအက၊ ကချင်ရိုးရာ အကအလှ၊ ငွေတောင်ပြည်မှ ဖိတ်ခေါ်သံ တေးသီချင်း၊ ဒုံးယိမ်းည အက၊ ကျွန်ုပ်တို့ ဇာတိမြေ တေးသီချင်း၊ သွေးချင်းတို့ဌာနေ မြန်မာပြည် တိုင်းရင်းသားယိမ်းအက၊ ဦးရွှေရိုးနှင့် ဒေါ်မိုး အက၊ သာယာလှပမွန်ဒေသ၊ အရောက်လာလေ လေးရပ်မြေ၊ မောရှမ်းမြေ၊ ဖိုရမ်နှလုံးသား တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အနုပညာရှင်များကလည်း တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေတင်ဆက်ကြသည့် အဖွဲ့များကို အမှတ်တရ လက်ဆောင်ပန်းခြင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ် လက်ခံခြင်းကိုလည်း ဆက်လက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း စုစုပေါင်း ၁၂၀ ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၃၀၆ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၃၇၃၀ အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၄ ဦးတို့အား ဌက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၄ ဦးအား သွေးအမျိုးအစား စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၂၅ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

## သာကေတမြို့နယ် မြန်မာ့မဏ္ဍိုင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာစည်းဝေး

**သာကေတ စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၂/တောင်ရပ်ကွက် မြန်မာ့မဏ္ဍိုင်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၃၁ ရက်က ၂/တောင်ရပ်ကွက် ရန်ပြေလမ်းမကြီးရှိရန်အောင်မြင်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့မဏ္ဍိုင်ရောင်းဝယ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး သာကေတမြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်သီတာဦးက သမဝါယမဥပဒေ၊ နည်းဥပဒေများကို ပြောကြားသည်။ ထို့နောက် မြန်မာ့မဏ္ဍိုင်ရောင်းဝယ်ရေး သမဝါယမအသင်း၏ ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ် အကျိုးဝေစုငွေကျပ် ၅၁၈၀၀၀၀ ကို မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်သီတာဦးက ပေးအပ်ရာ အသင်းသားများကိုယ်စား အသင်းသားတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်(သာကေတ)**

# DEMU အမြန်ရထားများဖြင့် ခရီးသွားကဏ္ဍ တစ်ခေတ်ဆန်းသစ်

ကေကေ

မြန်မာ့မီးရထားမှ စက်ခေါင်းမောင်း (၂) အထူး ဦးဇော်မင်းသန်းတစ်ယောက် ယူနီဖောင်းအပြည့် အစုံဖြင့် ရထားမောင်းနှင်ရန် အသင့်အနေအထား ဖြစ်နေသည်။ သူက မြန်မာ့မီးရထားတွင် လုပ်သက် ၁၀ နှစ်ကျော် တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့ သည့်အတွက် ရထားမောင်းနှင်မှုသည် ကျွမ်းကျင် ဝန်ထမ်းအဆင့်သို့ ရောက်ရှိနေသူဖြစ်သည်။ ထို့ပြင် မီးရထားနှင့်ပတ်သက်သည့် နည်းပညာများကို ပြည်ပကျွမ်းကျင်ပညာရှင်များထံမှ စာတွေ့၊ လက်တွေ့သင်ယူခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် လူစီး အမြန်ရထားမောင်းနှင်ရန် တာဝန်ပေးခြင်းခံရပြီး ယခုအခါ စက်ခေါင်းမောင်း (၂) အထူးရာထူးဖြင့် ရထားစီးခရီးသွားပြည်သူများကို ခရီးစဉ် အစုန်/ အဆန် မောင်းနှင်ပို့ဆောင်ပေးလျက်ရှိသည်။

"ဒီနေ့က DEMU လူစီးအမြန်ရထားနဲ့ ရန်ကုန်– နေပြည်တော်ခရီးစဉ်အတွက် တာဝန်ထမ်းဆောင်ရ မှာပါ။ ရထားကြီးမောင်းပြီး ခရီးသည်တွေကို အန္တရာယ်ကင်းစွာနဲ့ လိုရာခရီး ပို့ဆောင်ပေးရတဲ့ အလုပ်ကို ဝါသနာအရ ရွေးချယ်လုပ်ဖြစ်တာပါ။ ဒီလို တာဝန်ထမ်းဆောင်ခွင့်ရဖို့ ကျွန်တော်တို့ တွဲရှေ့ စက်ခေါင်းမောင်းတာဝန်၊ ကုန်ရထား၊ မြို့ပတ် ရထားမောင်း စသည်ဖြင့် အဆင့်ဆင့် တာဝန် ထမ်းဆောင်ပြီးမှ ပြည်သူအများ လိုက်ပါစီးနင်းတဲ့ လူစီးအမြန်ရထားကို မောင်းနှင်ခွင့်ရပါတယ်။ ဒီအတွက် လိုအပ်တဲ့ စွမ်းရည်မြှင့်သင်တန်းတွေ၊ နည်းပညာတွေ အားလုံးကို စာတွေ့၊ လက်တွေ့ သင်ယူလေ့လာရပါတယ်" ဟု ဦးဇော်မင်းသန်းက ပြောပြသည်။

ဦးဇော်မင်းသန်း အလှည့်ကျ တာဝန်ယူ မောင်းနှင်ရသည့် Diesel Electric Multiple Unit (DEMU) လူစီးအမြန်ရထားသည် ရန်ကုန်– နေပြည်တော်၊ နေပြည်တော်–ရန်ကုန် မောင်းနှင် ချိန် ငါးနာရီခွဲသာကြာမြင့်သည့် အမြန်ရထား ဖြစ်သည်။ အဆိုပါ လူစီးရထားများကို ဂျပန်နိုင်ငံ နှင့် စပိန်နိုင်ငံတို့မှ ဝယ်ယူရောက်ရှိလာသည့် လေအေးပေးစက်ပါရှိသော ခေတ်မီ DEMU ရထား တွဲဆိုင်းသစ်များဖြင့် ပြေးဆွဲနေခြင်းဖြစ်သည်။

နေ့စဉ် ရန်ကုန်–နေပြည်တော် ခရီးစဉ်အဖြစ် ရန်ကုန်မှ နံနက် ၆ နာရီတွင် DEMU လူစီးအမြန် အမှတ် (၇) အဆန် ရထားထွက်ရှိပြီး နေပြည်တော် သို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိသည်။

ထို့အတူ နေ့စဉ် နေပြည်တော်–ရန်ကုန် ခရီးစဉ် အဖြစ် နေပြည်တော်မှ မွန်းတည့် ၁၂ နာရီတွင် DEMU လူစီးအမြန် အမှတ် (၈) အစုန်ရထား ထွက်ရှိပြီး ရန်ကုန်သို့ ညနေ ၅ နာရီခွဲတွင် ရောက်ရှိသည်။



နေပြည်တော်ဘူတာကြီး၌ ရပ်နားထားသည့် DEMU လူစီးအမြန်ရထားများကို တွေ့ရစဉ်။

"စီးပွားရေးလုပ်ငန်းအတွက် နေပြည်တော်နဲ့ ရန်ကုန်ဆိုတာ အိမ်ဦးနဲ့ ကြမ်းပြင်လို သွားရလာရပါ တယ်။ အရင်က ကားနဲ့ သွားပါတယ်။ အခုနောက်ပိုင်း တော့ ဒီအမြန်ရထားနဲ့ပဲ သွားဖြစ်ပါတယ်။ ကျွန်မ က ပျဉ်းမနားမှာ နေတာပါ။ ပျဉ်းမနားဘူတာကနေ ရထားစီးလိုက်တယ်။ ရထားပေါ်မှာ သန့်စင်ခန်း ပါတဲ့အတွက် အပေါ့အပါးကိစ္စအတွက် မပူရဘူး။ လုံခြုံတယ်၊ အဲကွန်းစနစ်ပါတော့ အေးအေးလူလူ စီးရတယ်။ အချိန်မှန်ထွက်တယ်၊ အချိန်မှန်ရောက် တယ်။ ပြီးတော့ ရန်ကုန်ရောက်ရင် ရန်ကုန်ဘူတာ ကြီးက မြို့လယ်အချက်အချာမှာရှိနေတော့ အလုပ် ကိစ္စအတွက် အဆင်ပြေပြေသွားလာရုံပဲ။ ဘူတာရှေ့ မှာတင် YBS စီးလို့ရတယ်။ Taxi စီးချင်လည်း အဆင်ပြေတယ်။ ဒီလို အမြန်ရထားထွက်တာ ခရီးသည်တွေအတွက် တော်တော်အဆင်ပြေတယ်" ဟု ပျဉ်းမနားမြို့မှ ခရီးသည်တစ်ဦးက ပြောပြသည်။

ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိသည့် ခရီးသည် များ ရန်ကုန်မြို့တွင်း အဆင်ပြေလွယ်ကူစွာသွားလာ နိုင်ရန် မြန်မာ့မီးရထားသည် YBS ယာဉ်လိုင်း နှင့် ချိတ်ဆက်ကာ ယာဉ်လိုင်းအမှတ် ၇၈၊ ၉၃၊ ၉၄၊ ၁၁၈ တို့ကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

မြန်မာ့မီးရထားအနေဖြင့် ခရီးသည်နှင့် ကုန်စည် များကို လုံခြုံချောမွေ့စွာဖြင့် သယ်ယူပို့ဆောင်ပေး ရင်း နိုင်ငံတော်၏ ဘက်စုံ၊ ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက် ရေးကို အထောက်အကူပြုရန် အဓိကရည်မှန်းချက် ထား လုပ်ဆောင်လျက်ရှိသည်။

ထို့အတူ နိုင်ငံတော်အကြီးအကဲက ရထား ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ နိုင်ငံ၏ အဓိက မီးရထားလမ်းပိုင်းများတွင် တစ်နာရီလျှင် ကီလို မီတာ ၈၀ အထိ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရန် ဆောင်ရွက်သွားနိုင်ရေးကို ၂၀၂၄ ခုနှစ် အောက်တို ဘာလ ၇ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး အင်းစိန် မြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန မြန်မာ့မီးရထား မြို့ပတ်ဒီဇယ်စက်ခေါင်းရုံ (အင်းစိန်)သို့ သွားရောက်ကြည့်ရှု စစ်ဆေးစဉ် လမ်းညွှန်မှာကြားထားသည်။

ထို့ကြောင့် မြန်မာ့မီးရထားအနေဖြင့် အချို့ လမ်းပိုင်း အကွေ့နေရာများတွင် အမြန်နှုန်း ကန့်သတ်ချက်များ ကိုက်ညီမှုရှိစေရေး၊ လမ်းပိုင်း အလိုက် သုတေသနပြုဆောင်ရွက်ခြင်း၊ ဒီဇယ် လျှပ်စစ်သုံးစက်ခေါင်း (DEMU – Diesel Electric Multiple Unit)များ၊ ရထားတွဲများကို ပြည်တွင်း၌ တည်ဆောက်ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက် ခြင်း၊ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန် ချောမွေ့စေရေး အမြဲမပြတ်ဆောင်ရွက်ခြင်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

ထို့ပြင် ရထားစီးခရီးသွားပြည်သူများအတွက် လျှပ်စစ်ရထားများ ပြေးဆွဲနိုင်ရေးသည် မလွဲမသွေ ပြောင်းလဲရမည့် လုပ်ငန်းရပ်တစ်ခုဖြစ်သည့်အတွက် လျှပ်စစ်ရထားများ ပြေးဆွဲရေးစီမံကိန်း အကောင် အထည်ဖော်နိုင်ရန် လုပ်ငန်းပိုင်းဆိုင်ရာ သုတေသန ပြုလုပ်ငန်းများကို မြန်မာ့မီးရထားက စီမံဆောင်ရွက် လျက်ရှိသည်။

"မြန်မာ့မီးရထားအနေနဲ့ ရထားစီးပြည်သူတွေ ကို အကောင်းဆုံး ခရီးသွားဝန်ဆောင်မှုတွေ ပေးချင် ပါတယ်။ ဒါကြောင့် နိုင်ငံတကာအဆင့်မီ ရထားတွေ ဖြစ်အောင် ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ ဒီအတွက် နိုင်ငံ့ဘဏ္ဍာငွေတွေ အများကြီး သုံးစွဲရပါ တယ်။ ဒါကြောင့် DEMU လူစီးအမြန်ရထားတွေ အသုံးပြုတဲ့ ပြည်သူတွေအနေနဲ့ စနစ်တကျရှိဖို့၊ စည်းကမ်းရှိဖို့ လိုအပ်ပါတယ်။ ပြီးတော့ ကျွန်တော် တို့ဌာနအနေနဲ့ အွန်လိုင်းကနေ ရထားစီးပြည်သူတွေ ရထားလက်မှတ်တွေ ဝယ်ယူနိုင်ဖို့ စီစဉ်လုပ်ဆောင် နေပါတယ်။ ဒါကတော့ ဆောင်ရွက်ဆဲဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး မြန်မာ့မီးရထားမှ မန်နေဂျာ (သွားလာရေး/တိုင်း) ဦးယဉ်မင်းဦးက ပြောသည်။

ယခုအခါ စပိန်နိုင်ငံမှ ဝယ်ယူထားသည့် ခေတ်မီလေအေးပေးစက်ပါ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းများဖြင့် ရန်ကုန် –ပဲခူး –ရန်ကုန်ခရီးစဉ်နှင့် ရန်ကုန်မြို့ပတ် ရထားခရီးစဉ်တို့ကိုလည်းကောင်း၊ ဂျပန်နိုင်ငံနှင့် စပိန်နိုင်ငံတို့မှ ဝယ်ယူထားသည့် ခေတ်မီ လေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းများဖြင့် နေပြည်တော်– ရန်ကုန် –နေပြည်တော် ခရီးစဉ်ကို လည်းကောင်း မြန်မာ့မီးရထားက ပြေးဆွဲပေးလျက် ရှိသည်။

"နိုင်ငံတော်ကတော့ ပြည်သူတွေကို နိုင်ငံတကာ အဆင့်မီ ရထားတွေ သုံးနိုင်အောင် ဆောင်ရွက်ပေး တယ်။ ပြည်သူတွေကလည်း ဒီလို အဆင့်မီမီ အသုံး ပြုချင်ကြတယ်။ ဒါပေမဲ့ တချို့အသုံးပြုတဲ့သူတွေ က လိုအပ်ချက်တွေရှိနေတယ်။ ရထားပေါ်မှာ အများ မမြင်ဘူး၊ မသိဘူးအထင်နဲ့ လွယ်လွယ်ကူကူ အမှိုက်ပစ်တာ၊ ကွမ်းတံတွေးထွေးတာမျိုးတွေ၊ အဲကွန်းစနစ်နဲ့ အေးအေးချမ်းချမ်း သေသေသပ်သပ် စီးရမှာကို ထိုင်ခုံတွေကို ခြေထောက်တင်၊ ခြေထောက် နဲ့ ကန်ပြီး ပျက်စီးအောင် လုပ်တာမျိုး ရှိနေသေး တယ်။ ရထားတာဝန်ကျ ဝန်ထမ်းတွေကတော့ အသိပေး၊ သတိပေးပါတယ်။ ဒီလို တာဝန်ရှိတဲ့သူက သတိပေးမှ ဆင်ခြင်တာမျိုးမဟုတ်ဘဲ အသိနဲ့ သတိနဲ့ နိုင်ငံကြီးသား ပီသကြရမှာပါ"ဟု ရထားစီး ပြည်သူတစ်ဦးက ပြောသည်။

လက်မှတ်နှုန်းထားအနေဖြင့် ရန်ကုန်– နေပြည်တော်၊ နေပြည်တော်–ရန်ကုန် ခရီးစဉ်အတွက် DEMU ရထားတွင် ပထမတန်း ငွေကျပ် ၁၉၀၀၀၊ အထက်တန်းငွေကျပ် ၂၈၀၀၀ ဖြစ်ကြောင်း မြန်မာ့ မီးရထားမှ သိရသည်။

ရထားစီးခရီးသွားပြည်သူများအနေဖြင့် ရန်ကုန်– နေပြည်တော်ခရီးစဉ် လိုက်ပါပြီး နေပြည်တော်မှ တစ်ဆင့် မန္တလေးအထိ သွားရောက်လိုပါက မန္တလေး– နေပြည်တော် ခရီးစဉ်အမှတ် (၂၈) အစုန်နှင့် နေပြည်တော် – မန္တလေး ခရီးစဉ်အမှတ် (၂၇) အဆန် လူစီးရထားများကို လေအိတ်ရထားတွဲဆိုင်းဖြင့် ချိတ်ဆက်ပြေးဆွဲလျက်ရှိသည်။

စာမျက်နှာ ၉ သို့

**မြန်မာ့မီးရထားအနေဖြင့် အချို့လမ်းပိုင်း အကွေ့နေရာများတွင် အမြန်နှုန်းကန့်သတ်ချက်များ ကိုက်ညီမှုရှိစေရေး၊ လမ်းပိုင်းအလိုက် သုတေသနပြုဆောင်ရွက်ခြင်း၊ ဒီဇယ်လျှပ်စစ်သုံးစက်ခေါင်း (DEMU– Diesel Electric Multiple Unit)များ၊ ရထားတွဲများကို ပြည်တွင်း၌ တည်ဆောက်ထုတ်လုပ်သုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်း၊ ရထားလမ်းများ စနစ်တကျဖြင့် ကောင်းမွန်ချောမွေ့စေရေး အမြဲမပြတ်ဆောင်ရွက်ခြင်းတို့ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိ**

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်



**နေပြည်တော် စက်တင်ဘာ ၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်း မိသားစုဝင် သား သမီးများ၊ စစ်သည်အစားခန့်(အရပ်သားဝန်ထမ်း များ၏ သား သမီးများ၊ စစ်သည်များ၊ လူရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းများကို စက်တင်ဘာ ၁ ရက်နှင့် ယနေ့တို့တွင် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် သံလွင်ခန်းမ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းရန်အောင် ခန်းမ၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေ တပ်နယ်ခန်းမ၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ကလေးတပ်နယ်ရှိ အောင်ဆန်းခန်းမ၌ လည်းကောင်း ပြုလုပ်ကြရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေများ၊ ဂုဏ်ပြုဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် စစ်သည်များ ကိုယ်စား ကျောင်းသား ကျောင်းသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။ ဆက်လက်၍ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ထူးချွန်ဆုရရှိသောကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့်အတူ ဂုဏ်ပြု လက်ဖက်ရည်ဝိုင်းများကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## လက်ပံတန်းမြို့နယ်၌ တီဘီရောဂါတိုက်ဖျက်ရေး အရှိန်မြှင့်ဆောင်ရွက်



**လက်ပံတန်း စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းနှင့် ဝန်ထမ်းများက ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း၍ တီဘီရောဂါ ရှာဖွေကုသရေး လုပ်ငန်းများ ဆောင်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မင်းရပ်ရပ်ကွက် ဆရာစံလမ်းသွယ် (၆)သို့ ကွင်းဆင်း ဆောင်ရွက်သည်။

**အသိပညာပေးဟောပြော**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းက တီဘီရောဂါဖြစ်ပွားစေနိုင်သော အကြောင်းရင်းများ၊ ရောဂါသွင်ပြင်နှင့် လက္ခဏာများအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ် ပြည်သူ့ကျန်းမာရေး ဝန်ထမ်းများက တီဘီရောဂါရှိသူနှင့် အတူနေ မိသားစုများအား ကျန်းမာရေး စစ်ဆေးခြင်း၊ သွေးဖောက်စစ်ဆေးခြင်း၊ ပိုးတွေ့လူနာများအား DOT စနစ်ဖြင့်တီဘီဆေးတိုက်ကျွေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လိုင်စင်ဆိုင်ရာအခကြေးငွေ ပေးသွင်းခြင်းမရှိသည့် ကုမ္ပဏီများအား အရေးယူမှုများပြုလုပ်သွားမည်

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ် (၂) နေပြည်တော်**

၁။ လိုင်စင်ဆိုင်ရာ အခကြေးငွေများ ပေးသွင်းခြင်းနှင့် လုပ်ငန်းအစီရင်ခံစာများ ပေးပို့ခြင်းတို့အား ဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို ၂၀-၂-၂၀၂၃ နေ့တွင် ရရှိသော ကုမ္ပဏီများသည် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၁၅ အရ လိုင်စင်ရရှိသူ၏ တာဝန်များအား လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသွားမည်ဖြစ်၍ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများ အပိုဒ် ၃၉ (က) (၂) အရ ထိုက်သင့်သော အခွင့်အရေးပေးသည့်အနေဖြင့် **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့** နောက်ဆုံးထားပြီး ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာနသို့ ဖြေရှင်းချက်နှင့်အတူ သက်ဆိုင်ရာ အခကြေးငွေများ လာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးသွင်းခြင်းမရှိပါက ဆက်သွယ်ရေး ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်-

(၁) **Sane Shwe Htin Co., Ltd**
**[ NFS(C) လုပ်ငန်းလိုင်စင်ရ]**

(၂) **Thunder Arrow Co., Ltd**
**[ NFS(C) လုပ်ငန်းလိုင်စင်ရ]**

၂။ အသေးစိတ်သိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၄၇၉ သို့ လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



DEMU လူစီးအမြန်ရထားတွင် ကျွမ်းကျင်စက်ခေါင်းမောင်းမီးရထားဝန်ထမ်းများ မောင်းနှင်နေမှုကို တွေ့ရစဉ်။




DEMU လူစီးအမြန်ရထားတွင် လိုက်ပါစီးနင်းမည့် ခရီးသွားပြည်သူများကို တွေ့ရစဉ်။

○ စာမျက်နှာ ၈ မှ

အမှတ်(၂၇)အဆန် လေအိတ်ရထားသည်နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ဘူတာမှ စတင်ထွက်ခွာပြီး မန္တလေးဘူတာသို့ ညနေ ၅ နာရီတွင် ဆိုက်ရောက်သည်။

ထို့အတူ အမှတ် (၂၈) အစုန် လေအိတ်ရထားသည် နံနက် ၆ နာရီတွင် မန္တလေးဘူတာမှ စတင်ထွက်ခွာပြီး နံနက် ၁၁ နာရီတွင် နေပြည်တော်ဘူတာသို့ ဆိုက်ရောက်ကာ နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် ပုံမှန်ထွက်ရှိသည့် အမှတ် (၈) DEMU ရထားဖြင့် ရန်ကုန်သို့ ခရီးဆက်နိုင်မည်ဖြစ်သည်။

အဆိုပါ မန္တလေး -နေပြည်တော်၊ နေပြည်တော်-မန္တလေးခရီးစဉ်အတွက် လေအိတ်ရထားတွင် ရိုးရိုးတန်းငွေကျပ် ၇၀၀၀၊ အထက်တန်း ငွေကျပ် ၁၁၀၀၀ ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ခရီးသွားပြည်သူများအနေဖြင့် ရန်ကုန်-မန္တလေးနှင့် မန္တလေး -ရန်ကုန် ခရီးစဉ်အစအဆုံး လက်မှတ်ဝယ်ယူနိုင်ပြီး ပထမတန်း / ရိုးရိုးတန်း ငွေကျပ် ၂၆၀၀၀၊ အထက်တန်းငွေကျပ် ၃၉၀၀၀ ဖြစ်သည်။ ခရီးစဉ်အတွက် ရထားလက်မှတ်များကို မြန်မာ့မီးရထားက သုံးရက် ကြိုတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

DEMU ရထားများသည် ပြည်သူများလိုလားသည့် အချိန်မှန်ထွက်၊ အချိန်မှန်ရောက်သော ရထားများဖြစ်သည်။ ထို့အတူ မြန်ဆန်သော၊ သန့်ရှင်းသော၊ လုံခြုံမှုရှိသော၊ စနစ်ကျသော၊ ခေတ်မီသောရထားများလည်းဖြစ်သည်။ ထို့ကြောင့် မြန်မာ့မီးရထား၏ အဆင့်မြှင့်တင်ထားသော ရထားပို့ဆောင်ရေးစနစ်နှင့်အတူ ရထားစီးပြည်သူများအားလုံးကလည်း ရထားလမ်းနှင့် ဆက်စပ်ပစ္စည်းများ ရေရှည်တည်တံ့အသုံးပြုပြေးဆွဲနိုင်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ ။

# ကျုံမငေးမြို့အတွင်းရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးပြီး e-ID စနစ်ဖြင့် Unique ID နံပါတ်များ ထုတ်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ စက်ရုံအခြေခံပညာအထက်တန်းကျောင်း အဘိဓဇခန်းမဆောင်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသွားသည့်ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများအား ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် One Stop Service ဖြင့် လုပ်ငန်းများ



ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းထုတ်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံပြည်သူများ နိုင်ငံသားကတ်ပြား အဆင်ပြေလွယ်ကူစွာရရှိစေရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Unique ID နံပါတ်ထုတ်ပေးနေမှုနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရာတွင် နိုင်ငံသားကတ်ပြား ကိုင်ဆောင်မဲပေးရမည်ဖြစ်သည့်အတွက် နိုင်ငံသားကတ်ပြားရရှိကိုင်ဆောင်ရေး ရှင်းလင်းပြောကြားပြီး ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုသက်ဆိုင်ရာကာယကံရှင်များထံ ပေးအပ်သည်။

အဆိုပါ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ကျုံမငေးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၁၉၇ ကတ်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ထုတ်ပေးနိုင်ခဲ့ပြီး နိုင်ငံသားကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Unique ID နံပါတ် တစ်ပါတည်း ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် ကာယဗလအားကစားသမား မောင်မောင်စိုင်းနှင့် တတိယဆုရ ပြည်နယ်ဖူဆယ်အသင်းအား ဂုဏ်ပြုချီးမြှင့်

မြစ်ကြီးနား စက်တင်ဘာ ၂

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် တတိယဆုနှင့် (၅၇)ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် နိုင်ငံ့ကိုယ်စားပြု အဆင့်(၅)ရရှိခဲ့သည့် ကချင်ပြည်နယ်မှ ကာယဗလ အားကစားသမား မောင်မောင်စိုင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် တတိယဆုရ ပြည်နယ်လက်ရွေးစင်ဖူဆယ်အသင်းတို့အား ကချင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က နိုင်ငံ့ကိုယ်စားပြုပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်၊ ပြည်နယ်ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့ကြသော အားကစားသမားများကို မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စဉ်ဆက်မပြတ်ပံ့ပိုးကူညီသွားမည်ဖြစ်သည့်အပြင် ယခုကဲ့သို့ အောင်မြင်မှုများကို လူငယ်များအတုယူနိုင်ရေး ဆက်လက်ကြိုးစားကြရန် လိုအပ်မည်ဖြစ်ကြောင်း ဂုဏ်ပြုပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့ကိုယ်စားပြု တတိယဆုနှင့် အဆင့်(၅)ရရှိခဲ့သော ကာယဗလအားကစားသမား မောင်မောင်စိုင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၂၀၊ နည်းပြဦးစိန်မြင့်ဇော်အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် တတိယဆုရ ပြည်နယ်လက်ရွေးစင် အမျိုးသားအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၉၁ သိန်းကိုလည်းကောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ကချင်ပြည်နယ်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးလအောင်က ဖူဆယ်အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ချီးမြှင့်ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက မောင်မောင်စိုင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် လက်ရွေးစင်အဖြစ် ရွေးချယ်လေ့ကျင့်လျက်ရှိသော မျိုးဆက်သစ်အားကစားသမားနှစ်ဦးတို့၏ ကာယသရုပ်ပြသမှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လက်ရွေးစင်ကစားသမားများအား ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ခရမ်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

ခရမ်း စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ရဲက အမှာစကားပြောကြားကာ အရန်မီးသတ်ဝတ်စုံများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းကို ရပ်ကွက်၊ ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ သင်တန်းနည်းပြများအဖြစ် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်ငါးဦးတို့က စည်းကမ်းသေသပ်မှု၊ မီးသတ်ပညာဘာသာရပ်နှင့် ရှာဖွေကယ်ဆယ်ရေးဘာသာရပ်များကို စက်တင်ဘာ ၁ ရက်မှ ၂၆ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ ကျောင်းသားကျောင်းသူ လူငယ်များအား စာပေဖတ်ရှုခြင်းမှ ဗဟုသုတနှင့် အသိပညာများ တိုးပွားစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်(အထက-၁၄) ဇမ္ဗူရွှေကြာခန်းမနှင့် မွန်းလွဲပိုင်းတွင် စိုးစံ(ကိုယ်ပိုင်အထက်တန်းကျောင်း)



Main Ballroom ခန်းမတို့၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများနှင့် မေးခွန်းများ အပြန်အလှန် ဆွေးနွေးခဲ့ပြီး မေးခွန်းများ မေးမြန်းသည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်(အထက-၁၄)ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းနှင့် စိုးစံ(ကိုယ်ပိုင်အထက်တန်းကျောင်း) တို့မှ တာဝန်ရှိသူများက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံရဲ့အထင်ကရနဲ့ သမိုင်းဝင်နေရာ ကမ္ဘာကျော်ဂုတ်ထိပ်မီးရထားလမ်းတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့တဲ့ TNLA အကြမ်းဖက်သောင်းကျန်းသူများ"**ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"NUG၊ PDF တို့အတွက် အမှားကိုဝန်ချတောင်းပန်ပြီး ဥပဒေဘောင် ဝင်ရောက်ရုံမှတစ်ပါး အခြားမရှိ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေး အချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organisation – SCO SUMMIT 2025 Plus) သို့ ပါဝင်တက်ရောက်ခဲ့မှုနှင့် တရုတ်နိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိနေမှုနှင့်ပတ်သက်၍ ခရီးစဉ်တွင်လိုက်ပါလာသည့် သတင်းမီဒီယာများ၏သိရှိလိုသည့် မေးမြန်းမှုများအပေါ် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ဖြေကြားချက်

ပထမဦးဆုံးက ပထမပိုင်းဒီခရီးစဉ်မှာ တရုတ်နိုင်ငံကို မြန်မာနိုင်ငံယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ လာတဲ့ခရီးစဉ်မှာ ကျွန်တော်တို့က အပိုင်းသုံးပိုင်းပါပါတယ်။ နံပါတ်တစ်အပိုင်းက တီယန်ကျင်းမြို့အပိုင်း၊ နံပါတ်နှစ်အပိုင်းက ပေကျင်းမြို့အပိုင်း၊ နံပါတ်သုံးအပိုင်းက ဟာပင်းနဲ့ချန်ဒူးမြို့အပိုင်းဆိုပြီး သုံးပိုင်းပါပါတယ်။ နံပါတ်တစ်အပိုင်းက SCO အစည်းအဝေး၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေး SCO SUMMIT 2025 Plus အစည်းအဝေး တက်ရောက်တဲ့အပိုင်းဖြစ်ပါတယ်။ ဒုတိယအပိုင်းက ပေကျင်းမှာရှိတဲ့ တရုတ်နိုင်ငံရဲ့ နှစ်(၈၀)ပြည့် ဖက်ဆစ်တော်လှန်ရေး အထိမ်းအမှတ်ကို လာရောက်တဲ့အပိုင်းဖြစ်ပါတယ်။ နံပါတ်သုံးအပိုင်းက ဟာပင်းနဲ့ ချန်ဒူးမြို့ကို လေ့လာရေးခရီးစဉ်သွားရောက်တဲ့အပိုင်းဖြစ်ပါတယ်။ အခုကတော့ ခရီးစဉ်ပထမပိုင်းဖြစ်တဲ့ တီယန်ကျင်းမြို့မှာ SCO အစည်းအဝေးနဲ့ ထိပ်သီးအစည်းအဝေးတွေ ပြီးဆုံးတဲ့အတွက်ကြောင့် ကျွန်တော်တို့က ပေကျင်းမြို့ကို ထွက်ခွာနေတာဖြစ်ပါတယ်။ ပေကျင်းမြို့ကို သွားတဲ့အခါမှာ အမြန်ရထားနဲ့သွားတာဖြစ်တယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနဲ့ ခရီးစဉ်မှာလိုက်ပါလာတဲ့ လူတွေအကုန်လုံးက ဒီအမြန်ရထားနဲ့ထွက်ခွာတာဖြစ်တယ်။ ပထမဆုံး တီယန်ကျင်းမြို့အကြောင်းကို ပြောချင်တယ်။ တီယန်ကျင်းမြို့ဆိုတာက တရုတ်နိုင်ငံမြို့တော်ဖြစ်တဲ့ ပေကျင်းနဲ့ ကပ်လျက်မြို့ဖြစ်တယ်။ တီယန်ကျင်းမြို့က သမိုင်းရှိတဲ့မြို့ဖြစ်တယ်။ ပထမဘိန်းစစ်ပွဲတို့ဘာတို့က တီယန်ကျင်းမှာဖြစ်ထားတာ။ တရုတ်နိုင်ငံပထမဘိန်းစစ်ပွဲပေါ့။ ပေကျင်းနဲ့ ကပ်လျက် အနီးဆုံးသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်တယ်။ တရုတ်နိုင်ငံရဲ့ မြောက်ဘက်ပိုင်းမှာ အရေးကြီးဆုံး ပင်လယ်ဆိပ်ကမ်းမြို့ထဲမှာ ပါဝင်တယ်ပေါ့နော်။ တီယန်ကျင်းမြို့မှာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုညီလာခံရဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ရဲ့ ထိပ်သီးအစည်းအဝေးပွဲ လုပ်တာဟာ ကျွန်တော်ကတော့ အဓိပ္ပာယ်ပြည့်ဝတယ်လို့ ထင်ပါတယ်။ ဒါကြောင့်လည်း ဒီ SCO အစည်းအဝေးမှာ နိုင်ငံပေါင်း ၂၀ ကျော်ပေါ့နော် ၂၆ နိုင်ငံ လုပ်တဲ့အထဲမှာ ၂၀ ကျော်တက်ရောက်တယ်။ မနေ့ကတော့ ဒီထိပ်သီးအစည်းအဝေးနဲ့ အပေါင်းအစည်းအဝေးပွဲတွေ ပြီးသွားတယ်။ အဲဒီမှာတော့ ထူးထူးခြားခြားပြောစရာရှိတာကတော့ ထိပ်သီးအစည်းအဝေးမှာ တရုတ်သမ္မတကြီး H.E.Mr.Xi Jinping က GGI နဲ့ပတ်သက်ပြီး အချက် (၅)ချက်၊ Global Governance Initiative ပေါ့၊ ဒီအချက် (၅)ချက်ကိုတင်သွင်းခဲ့တာရှိတယ်။ နိုင်ငံအများစုလည်း ထောက်ခံတယ်။ အဓိကအနှစ်ချုပ်ပြောရမယ်ဆိုရင် ဒီနေ့ကမ္ဘာမှာ ဖြစ်နေတာက Unipolar World ကနေ Multipolar World ပေါ့နော်။ အရင်တုန်းကတော့ အင်အားကြီးနိုင်ငံတစ်ခုတည်းကနေပြီးတော့ ကမ္ဘာ့ရေးရာတွေကို ထိန်းချုပ်တာကနေပြီး နိုင်ငံအများစုပါဝင် ထိန်းချုပ်ဖို့၊ နိုင်ငံအများစု ပါဝင်ပြီးတော့ ကမ္ဘာ့ရေးရာမှာ လှုပ်ရှားဖို့၊ ဒီဟာတွေကို သွားတာပါ။ တရားမျှတမှုတို့၊ ပြီးရင် အဲဒီအစည်းအဝေးမှာ အဓိကအများဆုံးပြောတာကတော့ နိုင်ငံငယ်တွေရဲ့ပေါ့နော်၊ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို လေးစားကြဖို့ဆိုတာကို အဓိကပြောတာဖြစ်တယ်။ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို လေးစားကြဖို့ဆိုတာ အဓိကက ကျွန်တော်တို့ နိုင်ငံငယ်တွေအတွက် ဘာအားသာလဲဆိုတော့ ဒီအချိန်မှာ နိုင်ငံကြီးတွေအနေနဲ့၊ အင်အားကြီးနိုင်ငံတွေအနေနဲ့က သူတို့ရဲ့ အမျိုးသားရေးအကျိုးစီးပွားအတွက် သူတို့တည်ထောင်နေတာရှိတယ်။ ဒီလိုပဲ နိုင်ငံငယ်တွေမှာလည်း သူတို့ရဲ့ အချုပ်အခြာအာဏာကို တည်တံ့ခိုင်မြဲဖို့ သူတို့ရဲ့ အချုပ်အခြာအာဏာနဲ့ ပတ်သက်ပြီးလုပ်နိုင်ဖို့ဆိုတာ ဒီလိုအဖွဲ့အစည်းတွေကနေတစ်ဆင့် လုပ်နိုင်မှ ခိုင်မာမှာဖြစ်တယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း SCO မှာ အမြဲတမ်း အဖွဲ့ဝင်နိုင်ငံဖြစ်ဖို့အတွက် တရားဝင်အဆိုပြုထားတာလည်းရှိတယ်။ အောင်မြင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ နောက်တစ်ခုကတော့ ဒီအစည်းအဝေးပွဲမှာ တရုတ်သမ္မတကြီး H.E. Mr.Xi Jinping နဲ့ ဆွေးနွေးနိုင်ခဲ့တယ်။ ဆွေးနွေးပွဲမှာ အနှစ်ချုပ်ပြောရရင် မြန်မာနိုင်ငံအတွက် ဘာအကျိုးအမြတ်ရှိလဲဆိုတော့ နံပါတ်တစ် အကျိုးအမြတ်အနေနဲ့ကတော့ နိုင်ငံရေးအရ အသိအမှတ်ပြုမှု၊ နံပါတ်နှစ်ကတော့ နိုင်ငံတကာရေးအရ အသိအမှတ်ပြုမှု၊ နံပါတ်သုံးအချက်ကတော့ မြန်မာနိုင်ငံမှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ တရုတ်နိုင်ငံအနေနဲ့ အသိအမှတ်ပြုဖို့၊ ပြီးရင် အထွေထွေရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ ကူညီနိုင်ဖို့ ဒါတွေကို အတည်ပြုပေးလိုက်တာရှိတယ်။ နောက်တစ်ခုက မြန်မာနိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံအနေနဲ့ ဆက်လက်ပြီး ကူညီသွားမယ်ဆိုတဲ့ အာမခံချက်တွေရရှိခဲ့တာဖြစ်တယ်။ တရုတ်သမ္မတကြီးနဲ့တွေ့တဲ့အချိန်မှာ မြန်မာနိုင်ငံမှာ လိုအပ်နေတဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတွေကို ဆက်လက်ရပ်တည် ကူညီပေးသွားမယ်ဆိုတာကိုလည်း ရရှိခဲ့ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ရဲ့ အိမ်နီးချင်းအင်အားကြီးနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ဝန်ကြီးချုပ် မစ္စတာ မိုဒီနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့တယ်။ တွေ့ဆုံဆွေးနွေးတဲ့အခါမှာလည်း မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အိန္ဒိယနိုင်ငံအနေနဲ့က အမြဲတမ်း ရပ်တည်ပေးလျက်ရှိမှုတွေ၊ နိုင်ငံရေးအရ အာမခံချက်ရှိမှုတွေ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး လုပ်ဆောင်ပေးနိုင်တာတွေ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တယ်။ ဒါ့အပြင် လာအိုနိုင်ငံသမ္မတကြီးနဲ့လည်း သီးခြားဆွေးနွေးနိုင်ခဲ့တယ်။ လာအိုနဲ့ ကျွန်တော်တို့ လုပ်နေတဲ့ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ နယ်စပ်ဖြတ်ကျော်ကဏ္ဍ၊ အလုပ်သမားကဏ္ဍ၊ ဒါတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့တယ်။ ဒါ့အပြင် SCO အစည်းအဝေးတက်တဲ့အခါမှာ မလေးရှားနိုင်ငံဝန်ကြီးချုပ်တို့အပါအဝင် တခြားခေါင်းဆောင်တွေနဲ့လည်း အစည်းအဝေးခန်းမမှာ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ပြောရမယ်ဆိုရင် အောင်မြင်တဲ့တွေ့ဆုံမှုပေါ့နော်။ ဒီတစ်နေရာတည်းမှာပဲ ဒေသခေါင်းဆောင်တွေ၊ အိမ်နီးနားချင်း ခေါင်းဆောင်တွေနဲ့တွေ့ရတာ တကယ်လည်း အောင်မြင်တဲ့တွေ့ဆုံဆွေးနွေးပွဲဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း ဒီခရီးစဉ်က အကျိုးများစွာဖြစ်ထွန်းစေတဲ့ ခရီးစဉ်တစ်ခုဆိုတာကို ကျွန်တော်တို့အနေနဲ့ ပြောကြားလိုပါတယ်။ ဒီနေ့မှာဆိုရင် ကျွန်တော်တို့ ပေကျင်းကိုရောက်မယ်။ ပေကျင်းကိုရောက်ရင်တော့ တရုတ်နိုင်ငံရဲ့ ဒုတိယသမ္မတကြီးနဲ့တွေ့မယ်။ မနက်ဖြန်မှာဆိုရင် ပေကျင်းမှာလုပ်တဲ့ နှစ်(၈၀)ပြည့် ဖက်ဆစ်တော်လှန်ရေးနေ့ အောင်ပွဲအထိမ်းအမှတ် အခမ်းအနားကို တက်ရောက်မှာဖြစ်တယ်။ နောက်နေ့တွေမှာ ဟာပင်းနဲ့ ချန်ဒူးကိုသွားပြီး ကျွန်တော်တို့ မြန်မာနိုင်ငံနဲ့သက်ဆိုင်တဲ့၊ ကဏ္ဍပေါင်းစုံနဲ့သက်ဆိုင်တဲ့ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ နေရာတွေ၊ ဌာနတွေကို လေ့လာသွားမှာဖြစ်ပါတယ်။ ဒီခရီးစဉ်နဲ့ပတ်သက်ပြီး ကျွန်တော်အနှစ်ချုပ်ပြီးပြောရရင် အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်တယ်။ ဆက်လက်ပြီးတော့လည်း အောင်မြင်မယ်လို့ယုံကြည်တယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော်တို့မြန်မာနိုင်ငံသူ၊မြန်မာနိုင်ငံသားတွေကို တိုက်တွန်းချင်တာကတော့ ကျွန်တော်တို့မှာ ဒီလိုမျိုးအခြေအနေကောင်းတွေရှိနေပါပြီ။ နိုင်ငံတကာမှာလည်း မြန်မာ့ရဲ့ ဂုဏ်သိက္ခာနဲ့ပတ်သက်ပြီးတော့ ဂရုစိုက်လာတဲ့၊ မြင့်မားလာနိုင်တဲ့ဟာတွေရှိနေပါပြီ။ ကျွန်တော်တို့လိုတာက ဘာလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံး တည်ငြိမ်အေးချမ်းရေးကိုလိုလားဖို့ စည်းလုံးညီညွတ်မှုကိုလိုလားဖို့ တည်ငြိမ်အေးချမ်းရေးနှင့် စည်းလုံးညီညွတ်မှုကို အကောင်အထည်ဖော်တဲ့ နေရာမှာ မြန်မာဆိုတဲ့စိတ်ဓာတ်၊ ပြည်ထောင်စုဆိုတဲ့ စိတ်ဓာတ်နဲ့ပဲ ဆောင်ရွက်သွားဖို့ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။



## မြိတ်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်

မြိတ် စက်တင်ဘာ ၂

တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့တွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၂၅)ကို မြိတ်ခရိုင်မီးသတ်ဦးစီးဌာန၌ စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်ဟိန်းကျော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းတူညီဝတ်စုံများကို ပေးအပ်ရာ သင်တန်းသားတစ်ဦးက လက်ခံရယူသည်။




အဆိုပါသင်တန်းကို သင်တန်းသား ၁၀၀ တက်ရောက်ကြပြီး ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(မြိတ်)

## ဖျာပုံခရိုင်အတွင်း စားအုန်းဆီများ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချစေရေး ဆွေးနွေး

ဖျာပုံ စက်တင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်နှင့် တာဝန်ရှိသူများသည် စားအုန်းဆီများ သတ်မှတ်ချက်များနှင့်အညီ ဖြန့်ဖြူးစေရေးနှင့် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချစေရေး ခရိုင်အတွင်းရှိ စားအုန်းဆီလက်လီ၊ လက်ကားကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက်က ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

ဆွေးနွေးရာတွင် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်း ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ခရိုင်အတွင်းရှိစားအုန်းဆီလက်လီ၊ လက်ကား ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများသို့ စားအုန်းဆီကို သတ်မှတ်ချက်များနှင့်အညီ ဖြန့်ဖြူးကြစေရေး၊ သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချကြစေရေးနှင့် စားအုန်းဆီဖြန့်ဖြူးမှုလုပ်ငန်းစဉ်တစ်လျှောက် မှန်ခြောက်မှန်ဖြင့် စနစ်တကျ မှန်ကန်စွာ ဆောင်ရွက်ရန်ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထွန်းက တိုင်းဒေသကြီးအတွင်း စားအုန်းဆီဖြန့်ဖြူးရောင်းချပေးနေမှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ၂၀၂၅ တက်ရောက်သည့် တိုင်းရင်းသားလူငယ်များ ရန်ကုန်မြို့ရှိ အထင်ကရနေရာများ ကြည့်ရှုလေ့လာ



**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် ၂၀၂၅ ကို ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ရန်ကုန်မြို့ မြန်မာ ကွန်ဗင်းရှင်းစင်တာ (MCC) ၌ သုံးရက်တိုင် ကျင်းပခဲ့ရာ ဖိုရမ်သို့ တက်ရောက်ခဲ့ကြသည့် နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား လူငယ်များသည် ယနေ့တွင် ရန်ကုန်မြို့ရှိအထင်ကရနေရာများသို့ ကြည့်ရှုလေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားလူငယ်များသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ရန်ကုန်တက္ကသိုလ်၊ အမျိုးသားပြတိုက်၊ ဝန်ကြီးများရုံး (ယခင် အတွင်းဝန်ရုံး) တို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အပျော်စီးသင်္ဘောဖြင့် ရန်ကုန်မြစ်တစ်လျှောက် ဆိပ်ကမ်းများနှင့် မြန်မာ–ကိုရီးယား ချစ်ကြည်ရေးတံတား (ဒလ)ကို ကြည့်ရှုလေ့လာကြပြီး သာကေတ မြို့နယ်ရှိ လူငယ်စင်တာနှင့် တိုင်းရင်းသား ကျေးရွာတို့ကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျောက်တံတားခရိုင်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တံတားခရိုင် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြည်ီလာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်ညွန့်ညွန့်အေးနှင့် မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ဝင်းနှင့် အဖွဲ့ဝင်များက ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **နေလင်း(ပြန်/ဆက်)**

# မိုးညိုမြို့နယ် တောင်ဇင်းကျေးရွာ၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိုးညို စက်တင်ဘာ ၂**

ကျန်းမာရေး ဝန်ကြီးဌာန၏ နည်းနာတစ်ရပ် ဖြစ်သော ကျေးလက်ဒေသ အောက်ခြေထိ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃၁ ရက်က ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် တောင်ဇင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျန်းမာရေးအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အဆိုပါဟောပြောပွဲကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုး ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် တောင်ဇင်းကျေးရွာမှ ကျေးလက်ကျန်းမာရေး ဝန်ထမ်းများက ကျေးလက်နေ ပြည်သူလူထုအား ရာသီအလိုက် ဖြစ်ပွားလေ့ရှိသော သွေးလွန်တုပ်ကွေးရောဂါ၊ ရာသီတုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**





မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို သန္နေတပ်ဖွဲ့ဝင်များနှင့် လက်တွဲပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာန၌ စက်တင်ဘာ ၁ ရက်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၅)ကို ဖွင့်လှစ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးသုခလှိုင်က အဖွင့်အမှာစကားပြောကြားစဉ်။

ဇင်မင်းထိုက်(ပြန်/ဆက်)

# ရွှေပြည်သာမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**ရွှေပြည်သာ စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်း အမှတ်စဉ်(၁/ ၂၀၂၅) သင်တန်းဖွင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရွှေပြည်သာမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး လန်ချန်း–မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်း ဆောင်ရွက်မှုဗဟိုဌာနမှ ပေးပို့ထားသည့် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး Video Clip နှစ်ခုအား Projector ဖြင့် ပြသပြီး သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။ သင်တန်းတွင် ရပ်ကွက်ကျေးရွာများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကြပြီး သင်တန်းနည်းပြများက ဘာသာရပ်အလိုက် စာတွေ့ လက်တွေ့ သင်ခန်းစာများကို ကျွမ်းကျင်အောင် သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁ ရက်မှ ၂၆ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ကျောင်းများနှင့် လူရည်ချွန်များအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း အထက(၁) ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

ထို့နောက် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ၊ ငါးဘာသာ၊ လေးဘာသာ၊ သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **ကောင်းမြတ်သူ(မော်ဘီ)**



**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ**
**စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ရန်ကုန်မြို့၌ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် အကြိုအသိပညာပေးTalk Show ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လူထုဗဟိုပြုဌာန၌ ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်အကြို အသိပညာပေး Talk Show ကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ဆောင်ရွက်**

အဆိုပါအသိပညာပေး Talk Show တွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စောဇာခြည်က အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ ဖြစ်ပေါ်လာပုံ၊ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့၏ ဆောင်ပုဒ်ဖြစ်သည့် “Racing For Air – လေထုအရည်အသွေးကောင်းမွန်ဖို့ အရှိန်မြှင့်တင်ဆောင်ရွက်စို့” အကြောင်း၊ အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်၊ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသောအဓိက အကြောင်းရင်းများ၊ လေထုညစ်ညမ်းမှု၏ ဆိုးကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများ၊ လေထုညစ်ညမ်းမှုလျှော့နည်းစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အသိပညာပေးဆွေးနွေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ဝန်ထမ်းများအား၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ အထိမ်းအမှတ်ဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးစနစ်တွင် တရားမျှတမှု မြှင့်တင်ရေးအတွက် တရုတ်နှင့်ရုရှား ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း စက်တင်ဘာ ၂

ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးစနစ်တွင် တရားမျှတမှုမြှင့်တင်ရေးအတွက် တရုတ်နိုင်ငံက ရုရှားနိုင်ငံနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိသည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ပေကျင်းတွင် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

တရုတ်နှင့် ရုရှားပူးပေါင်းဆောင်ရွက်ရာတွင် အပြန်အလှန်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုကို ဆောင်ကြဉ်းရန် နှစ်ဖက်စလုံးက အသင့်ရှိနေကာ တရားမျှတမှုနှင့် သာတူညီမျှရှိမှုတို့ကို ထိန်းသိမ်းမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်ရေးစနစ်တွင် တရားမျှတမှုမြှင့်တင်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က မှတ်ချက်ပြု ပြောကြားသည်။ ပြီးခဲ့သည့် နှစ်များအတွင်း နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် တရုတ်နှင့် ရုရှားအကြား အောင်မြင်မှုရလဒ်များကို ရရှိခဲ့ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် တရုတ်နိုင်ငံ တီယန်ကျင်းမြို့တွင် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ကျင်းပခဲ့သည့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် စက်တင်ဘာ ၂ ရက်တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်သည် စက်တင်ဘာ ၃ ရက်တွင် ပေကျင်း၌ ကျင်းပမည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်စနစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်မည်ဖြစ်သည်။

ကိုးကား-တက်စ် သတင်းဌာန

ဘာသာပြန်-စိုးသူရ



## လက်နက်ကိုင်ပဋိပက္ခအပြီး ဂါဇာဒေသအားစီမံခန့်ခွဲရေး အမေရိကန်ဆောင်ရွက်

ဂျေရုဆလင် စက်တင်ဘာ ၂

ဂါဇာဒေသအား အမေရိကန်အစိုးရက အနည်းဆုံးဆယ်နှစ်ခန့် စီမံခန့်ခွဲကာ ခရီးသွားအပန်းဖြေစခန်းဖွင့်လှစ်ရန် ရည်ရွယ်ဆောင်ရွက်နေကြောင်း အမေရိကန်ဒေသန္တရမီဒီယာက ပြောကြားသည်။

လက်နက်ကိုင် ပဋိပက္ခအပြီးတွင် ဂါဇာဒေသအား စီမံခန့်ခွဲမည့် အစီအစဉ်နှင့်ပတ်သက်၍ အစိုးရအဖွဲ့အတွင်း ညှိနှိုင်းမှုများဆောင်ရွက်နေကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ပြောကြားသည်။



အမေရိကန်အစိုးရက ဂါဇာဒေသအား ဆယ်နှစ်ခန့်စီမံခန့်ခွဲမည်ဖြစ်ကာ ခရီးသွားအပန်းဖြေစခန်းနှင့်နည်းပညာဆိုင်ရာ နေရာတစ်ခုဖြစ်လာစေရေး ဆောင်ရွက်မည်ဟု အဆိုပါအစီအစဉ်အရ သိရသည်။ အမေရိကန်က ဂါဇာဒေသအား ရယူမည်ဟု ထရမ့်က ပြောကြားခဲ့ပြီးနောက် အထက်ပါအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းအစီအစဉ်ဆောင်ရွက်နိုင်ရန်အတွက် ဂါဇာဒေသခံများကို အခြားဒေသများသို့ ပြောင်းရွှေ့ရေးအတွက် ဆောင်ရွက်နေကာ ပြောင်းရွှေ့သူများကို ငွေကြေးထောက်ပံ့သည့် အစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ

## ရုရှားနိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးသည့်စနစ် တရုတ်နိုင်ငံက စတင်စမ်းသပ် အကောင်အထည်ဖော်ဆောင်ရွက်

မော်စကို စက်တင်ဘာ ၂

ရုရှားနိုင်ငံသားများအား ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပေးသည့်စနစ်အား တရုတ်နိုင်ငံက စတင်စမ်းသပ်အကောင်အထည်ဖော်ခြင်းသည် ကြိုဆိုရမည့်ဆောင်ရွက်ချက်ဖြစ်ပြီး ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် တရုတ်နိုင်ငံအပေါ် ရုရှားခရီးသွားများ၏ စိတ်ပါဝင်စားမှုမြင့်တက်လာကြောင်း ရုရှားနိုင်ငံခရီးသွားလုပ်ငန်းယူနီယံက ပြောကြားသည်။

### ရက် ၃၀ အထိ ခွင့်ပြုမည်

ရုရှားနိုင်ငံသားများအား တရုတ်နိုင်ငံသို့ လာရောက်ရေးအတွက် ယခုနှစ် စက်တင်ဘာ ၁၅ ရက်မှ လာမည့်နှစ် စက်တင်ဘာ ၁၄ ရက်အထိ ပြည်ဝင်ခွင့် ဗီဇာကင်းလွတ်ခွင့်ပြုသည့်စနစ်ကို ယာယီဆောင်ရွက်ကြောင်း ယနေ့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ကြေညာခဲ့သည်။ ၎င်းပြည်ဝင်ခွင့် ဗီဇာကင်းလွတ်ခွင့်ပေးသည့်စနစ်အရ အလုပ်၊ ခရီးသွားလာလည်ပတ်ခြင်း၊ အပြန်အလှန်သွားရောက်လည်ပတ်ခြင်းနှင့် ခေတ္တရပ်နားသည့် နေရာအဖြစ် လာရောက်ခြင်းတို့အတွက် ရက် ၃၀ အထိ ခွင့်ပြုမည်ဖြစ်သည်။ ယခုဆောင်ရွက်သည့် မူဝါဒကြောင့် တရုတ်နိုင်ငံသို့ လာရောက်မည့် ရုရှားခရီးသွား အရေအတွက် ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု သိရသည်။

ယခုနှစ် နှစ်ဝက်အတွင်း ရုရှားနိုင်ငံသား ၈၃၆၀၀ သည် တရုတ်နိုင်ငံသို့ လာရောက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၉-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၃၅ | ၃၀၅၀ | ၃၀၁၅ | ၂၉၅၀ | ၃၀၅၅ | ၃၀၇၀ | ၃၀၉၀ | ၃၀၀၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၂၅ | ၃၀၂၅ | ၃၀၉၅ | ၃၀၆၀ | ၃၀၈၀ | ၃၃၄၀ |
| 95 Ron | ၃၀၂၅ | ၃၁၄၀ | ၃၁၀၅ | ၃၀၄၀ | ၃၁၄၅ | ၃၁၆၀ | ၃၁၇၅ | ၃၀၉၅ | ၄၅၆၀ | ၃၃၉၀ | ၃၁၁၀ | ၃၁၁၅ | ၃၁၈၅ | ၃၁၅၀ | ၃၁၇၀ | ၃၄၂၅ |
| HSD (500 ppm) | ၂၅၃၅ | ၂၆၅၀ | ၂၆၁၅ | ၂၅၅၀ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၅ | ၂၆၀၅ | - | ၂၉၀၀ | ၂၆၂၀ | ၂၆၂၅ | ၂၆၉၅ | ၂၆၆၀ | ၂၆၈၀ | ၂၉၃၅ |
| HSD (50 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၈၃၀ | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |
| HSD (10 ppm) | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | - | ၃၅၀၅ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၅ | ၃၂၈၅ | ၃၅၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၆၀ | ၂၈၅၇ |
| 95 Ron | ၂၈၅၄ | ၂၉၄၅ |
| HSD (500 ppm) | ၂၃၇၉ | ၂၄၅၆ |
| HSD (50 ppm) | ၂၉၆၅ | ၃၀၅၄ |
| HSD (10 ppm) | ၂၉၆၅ | ၃၀၅၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## မော်လမြိုင်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

မော်လမြိုင် စက်တင်ဘာ ၂

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ မြို့နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး၊ မြို့နယ်ရဲမှူး အောင်မြင့်ဌေးက အမှာစကားပြောကြားပြီး အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်အထိမ်းအမှတ် "ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့်ဝဝစားကြစို့" ဗီဒီယိုကိုပြသသည်။

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ INGOs၊ CSO အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဆေးပစ္စည်းများပေးအပ်ကာ၊ အသက်တစ်နှစ်မှ ငါးနှစ်အတွင်း ကလေးငယ်များအား ဗီတာမင်အေတိုက်ကျွေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားခုနစ်ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားလေးဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသားငါးဦး၊ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦးနှင့် သီရိလင်္ကာနိုင်ငံသားတစ်ဦး စုစုပေါင်းခုနစ်ဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားလေးဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာနိုင်ငံသံရုံးမှ Counsellor Mr. Alexander Mwendwa Mutinda နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ နိုင်ဂျီးရီးယားနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် ကင်ညာနိုင်ငံသားတစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးနှင့် တောင်အာဖရိကနိုင်ငံသားနှစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသားလေးဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှစက်တင်ဘာ ၂ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၇၃ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လူသတ်မှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် သေဒဏ်ကျခံစေရန် အမိန့်ချမှတ်

နေပြည်တော် စက်တင်ဘာ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် နယ်မြေ(၈) ဥယျာဉ်စုအုပ်စု ဦးကျေးရပ်ကွက်တွင် လူသတ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံအား ပျဉ်းမနားခရိုင်တရားရုံးက သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ် နယ်မြေ(၈) ဥယျာဉ်စုအုပ်စု ဦးကျေးရပ်ကွက်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်က နေမျိုးထိုက်အား ဂျပ်စ်ပဲရိုး(ခ)ကျော်သိန်း(ခ) ဇော်ဇော်လတ်နှင့် အောင်အောင်(ခ)အောင်ကြီးတို့က ဓာတ်ဆီလောင်းပြီး မီးရှို့ခဲ့သဖြင့် နေမျိုးထိုက် သေဆုံးသည့်အမှုဖြစ်ပွားခဲ့သည်။

ယင်းအမှုအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရားစွဲဆိုတင်ပို့ခဲ့ရာ ပျဉ်းမနားခရိုင်တရားရုံးက ရာဇဝတ်အထွေထွေမှုအမှတ် ၃/၂၀၂၅ ဖြင့် တရားခံပြေး ဂျပ်စ်ပဲရိုး(ခ)ကျော်သိန်း(ခ)ဇော်ဇော်လတ်အား ရာဇသတ်ကြီးပုဒ်မ ၃၀၂/ကျင့် ၅၁၂ အရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇၊ ၈၈ ထုတ်ဆင့်ဆောင်ရွက်ခဲ့ပြီး ရာဇဝတ်ကြီးမှုအမှတ် ၁၅/၂၀၂၅ ဖြင့် တရားခံအောင်အောင်(ခ)အောင်ကြီးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ပျဉ်းမနားခရိုင်တရားရုံးက ယနေ့တွင်သေဒဏ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ **ကျောဖုံးမှ**

ပရီမီယာလိဂ် ကလပ်အသင်းတွေရဲ့ ကစားသမားခေါ်ယူမှုအတွက် သုံးစွဲမှုဟာ ပေါင် ၃ ဒသမ ၀၈၇ ဘီလီယံအထိ ရှိလာခဲ့တာဖြစ်ပါတယ်။

**သိသိသာသာမြင့်တက်မှုရှိခဲ့**

ယခု အပြောင်းအရွှေ့ကာလအတွင်း ပရီမီယာလိဂ်ကလပ်အသင်းတွေရဲ့ ကစားသမားခေါ်ယူမှုအတွက် သုံးစွဲခဲ့တဲ့ငွေကြေးပမာဏဟာပြီးခဲ့တဲ့ဘောလုံးရာသီကထက် သိသိသာသာမြင့်တက်မှုရှိခဲ့ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီက ပေါင် ၁ ဒသမ ၉၆ ဘီလီယံ သုံးစွဲခဲ့တာဖြစ်ပါတယ်။

ပရီမီယာလိဂ် ကလပ်အသင်းတွေဟာ ၂၀၂၃ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ကစားသမားခေါ်ယူမှု အတွက် ပေါင် ၂ ဒသမ ၃၆ ဘီလီယံ သုံးစွဲခဲ့တာကြောင့် အဲဒီအချိန်မှာ ကစားသမားခေါ်ယူမှု သုံးစွဲငွေကြေးဟာ ဘွန်ဒက်လီဂါ၊ လာလီဂါ၊ ပြင်သစ်ပထမတန်းနဲ့ အီတလီစီးရီးအေ ကလပ်အသင်းတွေရဲ့ ကစားသမားခေါ်ယူမှုငွေကြေးထက်ပင် များပြားနေတာဖြစ်ပါတယ်။

ငွေကြယ်

## တရားမဝင်လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ



ကယားပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် စက်တင်ဘာ ၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၂၈ ရက်တွင် ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀)ကိုလည်းကောင်း၊ လွိုင်ကော်မြို့ နာနတ်တောရပ်ကွက်၌ လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သြဂုတ် ၂၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ သာယာကုန်းကျေးရွာ ယာဉ်ရပ်နားဝင်းအနီး၌ ယာဉ်ခြောက်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး၊ လူသုံးကုန်ပစ္စည်း ခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၂၅၂၃၄၆)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Canter Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်လေးတွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ် ခရဲကမ်းနားကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၂၄၃၀၄၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၅၄၉၅၃၈၆ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သြဂုတ် ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြို့သစ်မြို့နယ်နှင့် ငဖဲမြို့နယ်တို့၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းလေးလုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၆၆၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် မင်းဘူးမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၆၆၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့ပြင် သြဂုတ် ၂၈ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်နှင့် ဓနုဖြူမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သြဂုတ် ၂၇ ရက်၊ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၃၃၆၁၃၈၆)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော် စက်တင်ဘာ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေး ကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်း လုပ်ငန်းများကို လစဉ် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း စခန်း ၃၁ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့သည်။ မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိပါကြောင်း တွေ့ရှိရသည်။

**မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန**

**ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ။**




**၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH |
|---|---|---|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၁ | ၁၇ | မကွေး | ၆.၆ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၁ | ၁၈ | အောင်လံ | ၆.၈ |
| ၃ | ခန္တီး | ၇.၁ | ၁၉ | စစ်တွေ | ၇.၀ |
| ၄ | လားရှိုး | ၇.၀ | ၂၀ | ပြည် | ၆.၆ |
| ၅ | တောင်ကြီး | ၆.၉ | ၂၁ | ပဲခူး | ၆.၉ |
| ၆ | မိုင်းဆတ် | ၇.၁ | ၂၂ | တောင်ငူ | ၆.၆ |
| ၇ | ကျိုင်းတုံ | ၆.၅ | ၂၃ | ပုသိမ် | ၆.၇ |
| ၈ | စစ်ကိုင်း | ၇.၂ | ၂၄ | မအူပင် | ၆.၅ |
| ၉ | ဟားခါး | ၆.၆ | ၂၅ | ဟသ်ာတ | ၇.၀ |
| ၁၀ | ညောင်ဦး | ၆.၅ | ၂၆ | မော်လမြိုင် | ၇.၁ |
| ၁၁ | မုံရွာ | ၆.၅ | ၂၇ | ဘီးလင်း | ၆.၇ |
| ၁၂ | ပျဉ်းမနား | ၆.၅ | ၂၈ | ဘားအံ | ၆.၉ |
| ၁၃ | ပြင်ဦးလွင် | ၇.၂ | ၂၉ | ထားဝယ် | ၆.၉ |
| ၁၄ | ကလေးဝ | ၆.၇ | ၃၀ | မြိတ် | ၆.၈ |
| ၁၅ | ရန်ကုန် (ကမ္ဘာအေး) | ၆.၅ | ၃၁ | ကော့သောင်း | ၆.၇ |
| ၁၆ | မြော်ဘီ | ၆.၉ | | | |

**ပုံ(၂)၊ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ။**




## မရမ်းကုန်းခရိုင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး မြေပြင်ကွင်းဆင်း ညှိနှိုင်းဆောင်ရွက်

**မရမ်းကုန်း စက်တင်ဘာ ၂**

ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းတွင် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ မြေပြင်ကွင်းဆင်း ညှိနှိုင်း ဆောင်ရွက်ကြသည်။



ထိုသို့ မြေပြင်ကြိုတင် ကွင်းဆင်း ညှိနှိုင်းရာတွင် မရမ်းကုန်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က အခမ်းအနားကျင်းပဆောင်ရွက်နိုင်ရေး ကြိုတင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ခရိုင်ပညာရေးမှူး ဒေါ်သီတာမင်းက ပူးပေါင်းဆောင်ရွက်မည့် အခြေအနေနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်အောင်က ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများကို တင်ပြကြသည်။

ထို့နောက် မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဌာနအလိုက်အစီအမံများ ဆောင်ရွက်ထားရှိမှုကို တင်ပြကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း(ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ခေတ်ရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်း၌လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဥတ္တရသီရိမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ရွှေနံ့သာ၌လည်းကောင်း ကျင်းပသည်။



### ရှင်းလင်းပြောကြား

ဦးစွာ ဇေယျာသီရိခရိုင် အုပ်ချုပ်ရေးမှူး ဦးစောနိုင်က အမှာစကားပြောကြားပြီး နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဦးတို့က လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး အသိပညာ ဗဟုသုတမေးခွန်းများ မေးမြန်းဆွေးနွေး၍ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသားကျောင်းသူများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဘားအံမြို့နယ် ရသေ့ပျံကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ထပ်ခန်းမဆောင်သစ် ဖွင့်ပွဲကျင်းပ




ဘားအံ စက်တင်ဘာ ၂

ကရင်ပြည်နယ် ဘားအံမြို့နယ် ရသေ့ပျံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ RC တစ်ထပ်ခန်းမဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါခန်းမဆောင်ရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ဦးစွာ ရသေ့ပျံတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓိ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်တို့က ခန်းမဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကူညီပေးကြသော ရသေ့ပျံကျေးရွာမှ လူငယ်ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အဆိုပါခန်းမဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို အဆိုပါခန်းမဆောင်သစ်၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ခန်းမဆောင်သစ် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌက ခန်းမဆောင်သစ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြ၍ ခန်းမဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ရသေ့ပျံကျေးရွာ ကွင်းအမှတ် ၁၀၀၆(က) ရသေ့ပျံကွင်းရှိ ရေကြီးနစ်မြုပ်ထိခိုက်သွားသော မိုးစပါး(RS–CS)မျိုးစေ့ထုတ် စံပြစိုက်ခင်း၁၂ဧကတွင်တောင်သူများစုပေါင်း၍သဘာဝမြေဩဇာနှင့် ယူရီးယားဓာတ်မြေဩဇာ အချိုးကျရောစပ်ကြဲပက်နေမှုနှင့် ထိခိုက်ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများ ပြန်လည်အစားထိုးစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးပြီး မိုးစပါးဧကများအနက် ၂၉၃၄၉ ဧက ရေကြီးနစ်မြုပ်၍ ၁၈၆၆၉ ဧကထိခိုက်ခဲ့ပြီး ဧက ၈၁၉၀ ပျက်စီးခဲ့ရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများ ပူးပေါင်း၍ ထိခိုက်ဧကများကို ပြန်လည်ကုစားလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မိုင်းယောင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး



နေပြည်တော် စက်တင်ဘာ ၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ဒေသခံပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ဩဂုတ် ၁၉ ရက်မှ ၃၀ အထိ ဆောင်ရွက်ခဲ့ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးမိုးဝင်း(ခ) တင်မိုးဝင်းက မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံ၊ အသုံးပြုပုံ အဆင့်ဆင့်နှင့် မဲပေးနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထိုသို့ လက်တွေ့စမ်းသပ်မဲပေးရာတွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၂၂ ခုတို့မှ မဲဆန္ဒရှင် ပြည်သူစုစုပေါင်း ၄၂၅၀ တို့ တက်ရောက်စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# လှည်းကူးမြို့နယ်၌ လက်တွေ့စမ်းသပ်မဲပေး

လှည်းကူး စက်တင်ဘာ ၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ယမန်နေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း (လှည်းကူး) အောင်ဆန်းခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လေ့လာကြည့်ရှုသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေဘိုတန်း–ဇီးငူ ကျောက်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ကျောင်းကုန်း စက်တင်ဘာ ၂

ရောဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်စန်းချစ်နှင့် အဖွဲ့သည် ကျောင်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ရွှေဘိုတန်း – ဇီးငူ ကျောက်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်း၊ ပုသိမ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းနှင့် မြို့နယ်တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အကျိုးပြုသောလမ်းဖြစ်**

အဆိုပါလမ်းကို ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၇၇ ဒသမ ၇၇၀ သန်းဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး ကျေးရွာ ၁၅ ရွာ၊ အိမ်ခြေ ၂၄၈၁ အိမ်နှင့် လူဦးရေ ၁၀၀၈၂ ဦးအား အကျိုးပြုသောလမ်းဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# သံဖြူဇရပ်မြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(စက်စဲ)၌ အခြေခံလျှပ်စစ်သင်တန်းဖွင့်



သံဖြူဇရပ် စက်တင်ဘာ ၂

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(စက်စဲ)၌ အခြေခံလျှပ်စစ်သင်တန်း (၁/၂၀၂၅) ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုလိုင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်က လျှပ်စစ်ကဏ္ဍအရေးပါပုံ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် အစိုးရနည်းပညာအထက်တန်းကျောင်း (မော်လမြိုင်)မှ သင်တန်းနည်းပြ နှစ်ဦးက လုပ်ငန်းအန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်ပစ္စည်း တပ်ဆင်အသုံးပြုပုံ၊ ဝါယာကြိုးသွယ်တန်းနည်း၊ ခန္ဓာကိုယ်ကာကွယ်ရန် မဖြစ်မနေအသုံးပြုသင့်သည့် ပစ္စည်းများ အသုံးပြုပုံ စသည့်ဘာသာရပ်များကို သင်တန်းသား ၃၁ ဦးအား စက်တင်ဘာ ၂ ရက်မှ ၃၀ ရက်အထိ စာတွေ့လက်တွေ့သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် စက်တင်ဘာ ၂

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး ထိုမှတစ်ဆင့် အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားကာ နောက် ၄၈ နာရီအတွင်း အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# ရေဘေးကာကွယ်ရေးတာ ၁၁ ခုမှ စစ်တောင်းမြစ်ဝှမ်းဒေသအတွင်းရှိ ဧရိယာ ၃၇၀၅၂ ဧက ရေဘေးကာကွယ်ထားရှိ

**နေပြည်တော် စက်တင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်ရှိ စစ်တောင်းမြစ်အနောက်ဘက်ခြမ်း ဧရိယာများကို ရေဘေးကာကွယ်ထားရှိသည့် ဝါးတီး-အုန်းပင်တာအား ကြည့်ရှုစစ်ဆေးသည်။



စစ်ဆေးစဉ် သဘာဝဘေးဖြစ်ပေါ်လာပါက အန္တရာယ်ရှိနိုင်သောနေရာများကို တာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအတိုင်း အလေးထားဆောင်ရွက်ကြရန်၊ တာတမံဥပဒေပါ တားမြစ်ချက် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ထိန်းသိမ်းရန်၊ တာတမံများ ပြုပြင်တည်ဆောက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြုပြင်ဆောင်ရွက်ရန်၊ ရေလှောင်တမံများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်ရေးအတွက် ရေသိုလှောင်မှုအား ထိန်းညှိလုပ်ဆောင်ရန်၊ သဘာဝဘေး ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များကြောင့် သီးနှံစိုက်ခင်းများ ထိခိုက်မှု လျော့နည်းသက်သာစေရေး ကြိုတင်စီမံဆောင်ရွက်ထားရှိရန် ဆွေးနွေးမှာကြားသည်။

တောင်ငူခရိုင်အတွင်း လာမည့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ခြင်းအတွက် စိုက်ပျိုးရေပေးဝေနိုင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားရှိသော ရေလှောင်တမံရစ်ခုဋ္ဌ ရေများသိုလှောင်ထားရှိသကဲ့သို့ ရေဘေးကာကွယ်ရေးတာ ၁၁ ခု၏ စုစုပေါင်း တာမိုင် ၃၅ မိုင် ၇ ဖာလုံမှ စစ်တောင်းမြစ်ဝှမ်းဒေသအတွင်းရှိ ဧရိယာ ၃၇၀၅၂ ဧကကို ရေဘေးကာကွယ်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေး ငလျင်ကြီးကြောင့် ရေသောက်စနစ်များ ထိခိုက်ပျက်စီးခဲ့သည့် ခပေါင်းဆည်ရေသောက်စနစ်နှင့် ဆွာဆည် ရေသောက်စနစ်အတွင်းရှိ ရေပေးမြောင်း၊ ရေနုတ်မြောင်းနှင့် ရေပေးအဆောက်အအုံများ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ပြုပြင်ရန် ကျန်ရှိသည့်လုပ်ငန်းများကို မူလဒီဇိုင်းပုံစံများအတိုင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်နိုင်ရေး၊ လျာထားစိုက်ဧကများအတိုင်း စိုက်ပျိုးနိုင်ရေး တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နမ့်စန်မြို့နယ်၌ မျိုးစေ့၊ မြေသြဇာများ ထောက်ပံ့ပေးအပ်

**နမ့်စန် စက်တင်ဘာ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် တောင်သူများအား မျိုးစေ့၊ မြေသြဇာများ ထောက်ပံ့ ပေးအပ်ခြင်းနှင့် တောင်သူပညာပေး ကွင်းသရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက အမှတ် (၅)ကျေးရွာအုပ်စု အမှတ် (၁၀)ကျေးရွာအနီးရှိ နမ့်စန်စိုက်ကွင်းအတွင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားသည့် စိုက်ခင်းရှေ့တွင် ကျင်းပသည်။




ဦးစွာ အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက အဖွင့်အမှာစကားပြောကြား၍ နမ့်စန်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဦးမြသိန်းက မျိုးစေ့၊ မြေသြဇာများ ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တပ်မတော်အရာရှိများ၊ နမ့်စန်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဌေးနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယူရီးယားဓာတ်မြေသြဇာ ဧက ၆၀ စာ အိတ် ၆၀၊ ကွန်ပေါင်းဓာတ်မြေသြဇာ ဧက ၆၀ စာ အိတ် ၆၀၊ နေကြာမျိုးစေ့ ရေဆင်းစပ်မျိုး(၁) ဧက ၅၀ စာ ကီလို ၁၅၀၊ ပဲပုပ်မျိုးစေ့ ရေဆင်း (၁၅) ၁၀ ဧကစာ ငါးတင်းတို့ကို ထောက်ပံ့ပေးအပ်ရာ တက်ရောက်လာကြသော နမ့်စန်၊ မက်မွန်မုန်း၊ ဟိုရမ်း၊ ပိန်းဆယ်၊ မိုင်းစိတ်၊ ဝမ်ပုံနှင့်လွိုင်ယဲကျေးရွာအုပ်စုတို့မှ တောင်သူများက လက်ခံရယူကြသည်။

ဆက်လက်၍ နေကြာမျိုးစေ့ထုတ်စိုက်ခင်းနှင့် ပဲပုပ်မျိုးစေ့ထုတ်စိုက်ခင်း ကွင်းသရုပ်ပြပွဲကို အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ တောင်သူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**



# ကော့မှူးမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး တောင်သူနည်းပညာပေးသင်တန်းဖွင့်

**ကော့မှူး စက်တင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက နတ်စင်ကုန်းကျေးရွာ ကွင်းဝိုင်းဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးသက်နိုင်က မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သန်လျင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြေအသုံးချရေးတာဝန်ခံနှင့် မျိုးစေ့တာဝန်ခံ ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် ဒေါ်ခင်ခင်ပြုံးတို့က အဓိကပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဆွေးများ ပြုလုပ်သုံးစွဲရေး၊ ဓာတ်မြေသြဇာများ ထည့်သွင်းသုံးစွဲရာတွင် သီးနှံအထွက်တိုးစေရေး အချိန်ကိုက်အချိုးကျသုံးစွဲရေး၊ သီးနှံအထွက်နှုန်း ပိုမိုရရှိသော မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးစသည့် အကြောင်းအရာများကိုပြောကြားပြီး တက်ရောက်လာသော ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်နိုင်နှင့် ဝန်ထမ်းများ၊ နတ်စင်ကုန်းကျေးရွာမှ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

# ပြည်မြို့နယ်၌ မိုးနှောင်းဝါသီးနှံ စိုက်ပျိုးထားရှိမှုကွင်းဆင်းစစ်ဆေး

**ပြည် စက်တင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် သမဝါယမအသင်းသားတောင်သူများ၏ မိုးနှောင်းဝါသီးနှံ စိုက်ပျိုးထားရှိမှုကို ယနေ့နံနက်ပိုင်းက သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူး



ဒေါ်ဝင်းဝင်းအေး၊ သမဝါယမဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ချောစုလှိုင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ ပြည်မြို့နယ် သမဝါယမအသင်းစု အစီအစဉ်ဖြင့် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှင့်ညီမျှသော Raka 666(BT) မျိုးနှင့် သွင်းအားစုများ ပံ့ပိုးဆောင်ရွက်သည့် အခြေခံသမဝါယမအသင်းသားတောင်သူ ၅၆၅ ဦး၏ မိုးနှောင်းဝါသီးနှံစိုက်ပျိုးဧက ၂၇၀၀ အနက် ဝန်တင်ဆိပ်ကျေးရွာရှိ ဝန်တင်ဆိပ် စိုက်/ထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ၇၄ ဦး၏ စိုက်ဧက ၂၄၀ Raka 666(BT) မိုးနှောင်းဝါစိုက်ခင်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ကျုံပျော်မြို့နယ်၌ ဆောင်းရာသီ ဆီထွက်သီးနှံစီမံကိန်း တာဝန်ပေးအပ်

**ကျုံပျော် စက်တင်ဘာ ၂**

ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရေမင်းခန်းမ၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းရာသီ ဆီထွက်သီးနှံ (နေကြာနှင့်ပဲပုပ်) စိုက်ပျိုးဆောင်ရွက်မည့် စီမံကိန်း တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ ခရိုင်စိုက်တိုးမြင့်ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းဇော်ထိုက်က ဆီထွက်သီးနှံ စီမံကိန်းဆောင်ရွက်သည့် ရည်ရွယ်ချက်များ၊ မြို့နယ်အတွင်း နေကြာဧက ၉၄၁၀၊ ပဲပုပ် ၁၁၀၁ ဧကတို့အား လျာထားဧကအတိုင်း ပြည့်မီစွာ အချိန်မီ စိုက်ပျိုးနိုင်ရေး ရှင်းလင်းပြောကြားသည်။




ထို့နောက် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာ စိုက်တိုးမြင့်ကော်မတီများထံသို့ ဆောင်းရာသီဆီထွက်သီးနှံ ဆောင်ရွက်ရမည့် စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*** မြန်မာ့လက်ရွေးစင်မှ**

ခြေစမ်းပွဲကစားပြီးနောက် ၁၀ လအကြာတွင် ခြေစမ်းပွဲထပ်မံကစားခြင်းဖြစ်သည်။ ယင်းနှစ်သင်းစလုံးသည် ၂၀၂၇ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့်အသင်းများဖြစ်ပြီး စက်တင်ဘာလတွင် ခြေစစ်ပွဲ မရှိသဖြင့် ခြေစမ်းပွဲကစားခြင်းဖြစ်သည်။ စင်ကာပူလက်ရွေးစင်အသင်းသည် မြန်မာအသင်းနှင့်မတိုင်မီ စက်တင်ဘာ ၄ ရက်တွင် မလေးရှားလက်ရွေးစင်အသင်းနှင့် မလေးရှားနိုင်ငံ၌ ခြေစမ်းပွဲကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စင်ကာပူအသင်းနှင့် ခြေစမ်းပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်ပြီး နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် နှစ်ပွဲကစား နှစ်ပွဲအနိုင်ရထားပြီး အောက်တိုဘာတွင် ဆီးရီးယားအသင်းနှင့် နှစ်ကျော့ကစားရမည်ဖြစ်သည်။ **သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-FAS**

# တောင်ကြီးမြို့ ဂနိုင်ကန်သာယာနှင့် ဂနိုင်ကန်လမ်းများ အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းဆောင်ရွက်



**တောင်ကြီး စက်တင်ဘာ ၂**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ ညနေပိုင်းက တောင်ကြီးမြို့ ဂနိုင်ကန်သာယာတောင်ဘက်ခြမ်း ခြံစည်းရိုးကာရံပြီးစီးမှုနှင့် ကန်ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထို့နောက် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ ဂနိုင်ကန် လမ်းသားတိုးချဲ့၍ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာနှင့် ရှမ်းပြည်နယ်လွှတ်တော်ရုံးမီးပွိုင့်မှ တောင်ကျောင်းကြီးသွားလမ်းနှင့် ဂနိုင်ကန်သို့သွားသည့်လမ်းများ ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)



ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက်နေပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အသက်၁၆ နှစ်မှ ၁၈ နှစ်ကြား၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းကို စက်တင်ဘာ၂ ရက် နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရန်ကင်းမြို့နယ် ဦးစီးမှူးရုံးမှ ဒုလဝကမှူး ဒေါ်ကျင်အေးနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ လှလှထွေး(ပြန်/ဆက်)



ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၆/၂၀၂၅) ဖွင့်ပွဲကို စက်တင်ဘာ ၁ ရက်က သန်လျင်မြို့ရှိ ခရိုင်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခန်းမအတွင်း ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများအား တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစဉ်။ သန်းဝင်း(သန်လျင်)



ပုသိမ်မြို့ အမှတ်(၁၅)ရပ်ကွက်ရှိ Max စက်သုံးဆီဆိုင်ဝန်ထမ်းများအား ပုသိမ်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင် ငါးဦးတို့က စက်တင်ဘာ ၂ ရက်တွင် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောကာ လက်တွေ့မီးငြိမ်းသတ် ဇာတ်တိုက်လေ့ကျင့်စဉ်။ ခရိုင်(ပြန်/ဆက်)

## ငပုတောမြို့နယ် အုတ်တွင်းကျေးရွာအုပ်စု၌ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်

**ငပုတော စက်တင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ အုတ်တွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၁ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး ငပုတောမြို့နယ်အတွင်းရှိ ပြင်ခရိုင်၊ ဒီးဒူးကုန်း၊ အုတ်တွင်း၊ ချောင်းဝကျေးရွာအုပ်စုများမှ သင်တန်းသား ၅၀ အား မီးသတ်ပညာပေးလက်တွေ့ဘာသာရပ်၊ မီးသတ်ပညာ စာတွေ့ဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## စစ်တွေမြို့နယ်၌ တောင်သူများအား စိုက်ပျိုးရေးနည်းပညာပေး သင်တန်းဖွင့်

**စစ်တွေ စက်တင်ဘာ ၂**

ရခိုင်ပြည်နယ် စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးဌာနက စစ်တွေမြို့နယ်အတွင်း မိုးစပါးပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရေး တောင်သူနည်းပညာပေးသင်တန်းနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း နည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်အတွင်းရှိခတင်ပိုက်ကျေးရွာအုပ်စုနှင့် မောင်နီပြင်ကျေးရွာအုပ်စုတို့တွင် ဖွင့်လှစ်ကြသည်။



အဆိုပါ တောင်သူနည်းပညာပေးသင်တန်းများတွင် စစ်တွေခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မိုးဝင်းက မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပို့ချပြီး ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးအောင်သန်းဌေးက မိုးစပါးတွင် ရာသီအလိုက် ကျရောက်ဖျက်ဆီးတတ်သည့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို ရှင်းလင်းပို့ချခဲ့ရာ တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းကာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ စစ်တွေမြို့နယ်ရှိ ကျေးရွာများမှ ဒေသခံတောင်သူ စုစုပေါင်း ၁၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်

**ကော့သောင်း စက်တင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၅) ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကော့သောင်းခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့သောင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်လင်းထက်က အမှာစကားပြောကြားပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံများ ပေးအပ်ခဲ့သည်။



အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်( ၁/ ၂၀၂၅ )ကို စက်တင်ဘာ ၁ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝဏ္ဏ ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက ပေါက်ခေါင်းမြို့နယ်ရှိ ပိန်းတောကျေးရွာအဝင်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးစဉ်။ သက်ဖြိုးကြိုင်(ပြန်/ဆက်)

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# " ဂုဏ်ယူဝမ်းမြောက်ခြင်း "

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊
နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၊
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့
တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ **H.E. Mr. Xi Jinping** ၏
နိုင်ငံတော်အဆင့် ခရီးစဉ်ဖိတ်ကြားချက်အရ သွားရောက်ခဲ့သော သမိုင်းဝင်ခရီးစဉ်
အောင်မြင်မှုများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း
ဖော်ပြအပ်ပါသည်။

တရုတ်နိုင်ငံတွင် ကျင်းပသော ကမ္ဘာ့ခေါင်းဆောင်ကြီးများ တက်ရောက်သည့်
အခမ်းအနားကြီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ **H.E. Mr. Xi Jinping** နှင့်
အိန္ဒိယနိုင်ငံဝန်ကြီးချုပ် **H.E. Mr. Shri Narendra Modi** တို့နှင့်လည်း
နိုင်ငံတော်အဆင့် တွေ့ဆုံခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း
ထပ်ဆင့် ဖော်ပြအပ်ပါသည်။

နိုင်ငံတော်နှင့်ပြည်သူအကျိုး ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

MICA

နာယက
ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း
**(MICA)**

# " ဂုဏ်ယူဝမ်းမြောက်ခြင်း "

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ **H.E. Mr. Xi Jinping** ၏ နိုင်ငံတော်အဆင့် ခရီးစဉ်ဖိတ်ကြားချက်အရ သွားရောက်ခဲ့သော သမိုင်းဝင်ခရီးစဉ် အောင်မြင်မှုများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကမ္ဘာ့ခေါင်းဆောင်ကြီးများ တက်ရောက်သည့် တရုတ်နိုင်ငံ၏ သမိုင်းဝင် အခမ်းအနားကြီးတွင် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် **H.E. Mr. Shri Narendra Modi** နှင့်လည်း နိုင်ငံတော်အဆင့် တွေ့ဆုံခဲ့ခြင်းအတွက် ထပ်ဆင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံတော်နှင့်ပြည်သူအကျိုး ဆတက်ထမ်းပိုးတို့၍ သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**နာယက**

**ဥက္ကဋ္ဌ နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)**

## ဖခင်အမည်မှန်

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ သာကေတမြို့နယ်၊ မြင်တော်သာလမ်းမကြီး၊ တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်အောင်မင်းခန့်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးမင်း [၁၄/မအပ(နိုင်)၄၁၄၄၃၇] ဖြစ်ပါကြောင်း။

**ဦးအောင်မျိုးမင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅) ရပ်ကွက်၊ (၂၁)လမ်း၊ တိုက်အမှတ် (၃၁)ဟု ခေါ်တွင်သော (၆)ထပ်တိုက်၏ (၅-လွှာ)၊ အကျယ်အဝန်း (၁၅ ပေ x ၄၀ ပေ) ရှိသော တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများ၊ အဲယားကွန်း (၁)လုံး၊ ရေမီးစုံအပါအဝင် တိုက်ခန်းနှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြု သူ ဒေါ်ဟုတ်တီ [၁၂/လသန (နိုင်) ၀၂၀၇၇၃] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကျော့ကျော့လှိုင် (LL.B, LL.M, D.I.L, D.M.L, D.B.L, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၀၉၉)**
**တိုက် (၄၇)၊ အခန်း (၉)၊ ဒုတိယထပ်၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၅၀၄၉၆၈၃**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/တောင်)၊ မြေကွက်အမှတ်(၈၄၉/ခ)၊ အောင်သစ္စာ(၃)လမ်းအရှေ့၊ အမှတ် (၈၄၉/ခ) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း(၆)ထပ် တိုက်ခန်းများထဲမှ တတိယထပ် (၄ လွှာ) အကျယ်အဝန်း( ၁၈ ပေ x ၅၄ ပေ) ရှိတိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို** ဦးကြည်မိုး[၁၂/သကတ(နိုင်)၀၂၈၁၅၃] မှ ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကေဇင်ထွန်း[၁၄/ပသန(နိုင်) ၁၈၂၂၁၆]မှ ဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသည့် စာချုပ်စာတမ်းမူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၁၄၀၅)၊ မြင်တော်သာလမ်း၊ ၁/ထူပါရုံရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉- ၄၂၁၁၈၁၈၂၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၁၈/ခ)၊ ချယ်ရီ(၁)လမ်း၊ (၂၀ပေx၆၀ပေ )ရှိ နှစ်(၆၀) ဂရန်မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ယခုရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးကျော်မြင့် [၁၂/သခန(နိုင်)၀၅၆၉၆၉]နှင့် ဒေါ်စန်းတင့် (TGA-၀၉၉၄၇၆)အမည်တို့ဖြင့် အမည်ပေါက်ပြီး အမည်ပေါက်များထံမှ (၁၀ပေx၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူရရှိထားသူဖြစ်သော ဦးရဲဝင်းနိုင်[၇/အဖန(နိုင်)၀၆၂၂၃၆]ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ကျော်ဦး [၁၂/အလန(နိုင်)၀၃၄၆၀၉]က စရန်ငွေအချို့အားပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဦးသူရိန်မြင့် LL.B (စဉ်-၉၅၂၁/၂၀၁၃ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B, D.B.L (စဉ်-၁၂၈၁၈/၂၀၁၇ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၀၅၉၈၂၂၊ ၀၉-၇၉၅၇၉၀၇၆၇**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၈-၈-၂၀၂၅) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(၁၉)ပါ ဒေါ်နန်းယုအောင်(တရားလွှတ်တော်ရှေ့နေ)မှ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်းတွင် ဖော်ပြထားသော သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မာန်ပြေ(၁)လမ်းအရှေ့၊ အမှတ် (၇၇၈/က+ခ) မြေကွက်အစား သာကေတမြို့နယ်၊ (၂) တောင်ရပ်ကွက်၊ မာန်ပြေ (၁)လမ်းအရှေ့၊ အမှတ် (၇၇၈/က၊ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ အများသိစေရန်

**ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်- ၇၁/မြေညီ (ဘီ) တိုက်ခန်း** ယင်းတိုက်ခန်းကို မူလပိုင်ရှင်ဖြစ်သူ ဦးကျော်တင့်၊ ဦးမောင်လှ(ကန်ထရိုက်တာ)များထံမှ ဝယ်ယူပိုင်ဆိုင်သူများဖြစ်သော ဦးချစ်ကိုကို [၁၂/သလန(နိုင်)၁၂၈၅၂၀] နှင့် ဒေါ်ချစ်စုဆန်း[၁၂/သကတ (နိုင်)၁၉၄၂၈၉] က အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချခွင့်ရှိကြောင်း တာဝန်ယူကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေများကလည်း ယင်းတိုက်ခန်း၏ ကာလတန်ဖိုးငွေ အတိုင်း ဝယ်ယူရန် သဘောတူညီသဖြင့် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူဟုဆိုသူ မည်သူမဆို ယင်းအရောင်းအဝယ်ကို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံ တိုက်ခန်း၏ ပိုင်ဆိုင်မှု စာချုပ်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့် ကာလကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက ယင်းတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မင်းဦး LL.B,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၇၆/၂၀၂၁)**
**အမှတ်-၁၅၃၊ ၅-လွှာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၂၅၄၈၆၆၄၀၇၊ ၀၉-၇၈၆၆၃၅၆၉၇**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီတိုးချဲ့(၁၃)လမ်း(ခ)ကံကော်လမ်း၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့၏ မြေစည်ပင်ခလက်ခံပြေစာပါမြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ် (၈၉၃)၊ အိမ်ရာကွက်ချထားပေးခြင်းခံရသူ-**ဒေါ်စောဂိုလဲ့(HGU-၀၈၆၁၂၅)**အမည်ဖြင့်မြေကွက်အကျယ် (၄၀'x၆၀') မြေအနက် မှ မြောက်ဘက်ခြမ်း(၂၀'x၆၀')မြေနှင့်မြေပေါ်ရှိ အကျိုးခံစားအရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုရှိသူ-**ဒေါ်ဝင်းရတနာထွန်း (ဘ) ဦးထွန်းသိန်း[၇/မလန(နိုင်) ၁၃၉၈၉၈]**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဝယ်ယူသူ-ဦးဇင်မောင်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဥ္ဇူအေးသိန်း (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၂၅၇)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၅၀၄၁၄၈၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ဌေးရီ [၁၄/ဟသတ(နိုင်)၀၆၀၆၈၁] အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၁)၊ လှိုင်သီရိလမ်း၊ မြေကွက်အမှတ်(၂၅၀)၊ ဂရန်မြေအမျိုးအစား အကျယ်အဝန်း (၄၀ပေ x ၆၀ပေ) ရှိသည့်အနက် မြေကွက်ကြီးထဲမှ မခွဲစိတ်ရသေးသော (၂၀ပေx၆၀ပေ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်ခင်မီမီထွန်း [၁၁/သတန(နိုင်)၀၀၀၁၁၅] က လက်ရောက်ရယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ခင်မီမီထွန်းမှ ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်မ မသင်းသင်းဆွေ [၁၂/ရကန(နိုင်)၀၆၉၉၃၀] က စရန်ငွေတချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သင်းသင်းဆွေ**
**[၁၂/ရကန(နိုင်)၀၆၉၉၃၀]**
**အမှတ်(၉၉၄)၊ စေတနာလမ်း၊ (၃၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၅၀၀၂၇၉၃၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ ကွင်းအမှတ်/အမည်- ၆၆၉၊ သဲဖြူကွင်း၊ ဦးပိုင်အမှတ်- ၃၁/၃၊ ကျေးရွာအမည် ဘုရားကုန်း၊ ပိတုန်းစမ်းကျေးရွာ၊ စိတ္တသုခလမ်း၊ ဧရိယာ (၀.၀၅) ဧကအကျယ်ရှိ **ဦးထူးလင်းအောင်** အမည်ပေါက် ဥယျာဉ်ခြံမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ပိုင်ဆိုင်လက်ရှိ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ **ဦးထူးလင်းအောင် [၁၂/ရပသ(နိုင်)၀၄၂၄၄၅]** ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးမမခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၂၄)**
**အမှတ် (၄၄)၊ အောင်သီရိလမ်း၊ (၁၄၀) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၉၇၅၆၄၃၃၄၈၊ ၀၉-၄၄၃၀၄၃၄၉၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (FMI-8)၊ မြေကွက်အမှတ် (၇၄၅)၊ ဧရိယာ(၀. ၀၅၅ ဧက)၊ အကျယ်အဝန်း(၂၄၀၀ စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (F-56)၊ ရွှေစံပယ်(၅)လမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးဘိုဘိုလွင် [၁၀/မလမ(နိုင်)၁၆၇၇၉၉] အမည်ပေါက်ပြီး ယင်းအမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မို့မို့အောင်မြင့် [၉/ခမစ(နိုင်)၀၅၇၃၁၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉- ၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၁)၊ မြေကွက်အမှတ်(၈၅၈)၊ အကျယ်အဝန်း (၂၄၀၀ စတုရန်းပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၈၅၈)၊ သုမန(၄) လမ်း၊ (၁၆/၁) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့ နယ်ဟုခေါ်တွင်သည့် မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင်အမည်ပေါက်ပိုင်ဆိုင်ထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးတိုးလွင် [၁၂/စခန(နိုင်)၀၁၅၄၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉- ၄၃၁၆၃၄၀၅**

## အမည်ပြောင်း

ရန် ကုန် တိုင်း ဒေသကြီး၊ သာကေတမြို့နယ်၊ ၃/မာန်ပြေရပ်ကွက်၊ မြင်တော်သာလမ်း၊ အမှတ်(၂၇၆/ခ) နေ (ဘ) ဦးစိုးမင်းနိုင် [၁၂/သကတ(နိုင်) ၁၅၇၈၈၄] ၏ သမီး မချောရတနာနိုင် အား မချောရတနာလှိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မချောရတနာလှိုင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ်(ဃ-၃)၊ ဦးပိုင်အမှတ်(၄၈)၊ ၆၂ x ၆၄ ကြား၊ ၁၀၁x၁၀၂ လမ်းကြားရှိ ဂရန်မြေကွက် အမည် ပေါက် သူ ဦးအလီ [၉/မရတ(နိုင်) ၀၆၁၀၂၄]က အမှုတွဲအမှတ် (၂၂၇၆/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-က/အပိုင်း-၅)၊ ဦးပိုင်အမှတ်(၁၅/၂) ၃၅-လမ်း၊ ၇၀x၇၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးခင်မောင်ဝင်း [၁၃/တခလ(နိုင်)၀၀၄၂၉၀]က အမှုတွဲအမှတ် (၂၂၉၁/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ်၊(ပ-၄)၊ ဦးပိုင်အမှတ်(၉၄)၊ ၄၂-လမ်း၊ ၆၁x၆၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ညွန့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၄၀၇/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်မောင်(ခ)အောင်နေလင်း[၁၃/လရန(ဧည့်)၀၀၀၀၄၂] ၏ (GP ရရှိသူ ဒေါ်စိုးစိုးနွယ်)က အမှုတွဲအမှတ် (၂၈၇၇/၂၀၂၅-၂၀၂၆)ဖြင့်သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအ ထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သကမ-၁၃၊ လူနေရပ်ကွက်အမှတ်-၁၆၊ ရွှေသဇင်လမ်း၊ မြေကွက်အမှတ်-၁၆၃၉/ခ၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ **ဦးဟံစိန် (GI-၀၄၄၁၁၇)**အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်နန်းခင်သိန်းရီ [၁၃/သပန(နိုင်)၀၅၁၆၉၀]** ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချစ်သက်ဝေ ( LL.B )**
**အထက်တန်းရှေ့နေ (စဉ်-၃၁၀၇၈)**
**တိုက်-5/B(304))၊ ရတနာမွန်အိမ်ရာ၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၃၂၃၁၇၅၆**

## “ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ မိသားစုလမ်း၊ တိုက်အမှတ်-(၃၁ +၄၂) ၅-လွှာ(အလယ်ခန်း) အလျား(၁၁)ပေxအနံ (၂၅)ပေရှိ တိုက်ခန်းအပါအကျိုးခံစားခွင့်အရပ်ရပ် တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း”

ဖော်ပြပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူဒေါ်ခင်မေအောင် [၁၂/မရက(နိုင်)၁၇၃၆၈၄]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မညိုစိန် [၁၁/ကတန(နိုင်)၀၈၈၀၀၀]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် (၂၇-၈-၂၀၂၅) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၀) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မညိုစိန်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုဇန်မြင့်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၅၆၇)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၅၈၂၈၀၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅)ရပ်ကွက်၊ ၄ဝါ(၆)လမ်းနှင့် ဗေဒါ(၄)လမ်းထောင့်ရှိ မြေကွက်အမှတ်(၁၈၉)၊ အကျယ်(၄၀'x၆၀') ရှိ ဒေါ်စိုးမိုးအမည်ပေါက် နှစ်(၆၀)ဂရန်မြေကို အမည်ပေါက်ထံမှ ဝယ်ယူထားပြီး တစ်ဆင့်ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်မိုးမိုးအေး [၁၂/မရက(နိုင်) ၀၀၅၀၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟန်နွယ်ဦး [၁၃/မရန(ပြု)၀၀၀၁၇၃]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ရာ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမီလှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၆၉၁/၂၇-၂-၂၀၁၄)**
**အမှတ်(၁၈၇)၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၀၀၉၄၆၁၊ ၀၉-၇၉၈၄၀၆၃၇၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ဇီးပင်အုပ်စု၊ ငါးကယ်ကျေးရွာနေ ကျွန်မ၏ မိတ်ဆွေ ဦးအောင်သန်း [၇/မညန(နိုင်) ၀၅၃၃၂၉]-ဒေါ်စန်းမွန်[၇/မညန(နိုင်)၀၇၇၈၆၀]တို့၏ သားဖြစ်သူ မောင်ဆန်းဝင်းကို (ခ) ဖိုးသား [၇/မညန(နိုင်)၁၃၄၅၈၁] ကိုင်ဆောင်သူသည် ၃၀-၅-၂၀၂၅ ရက်နေ့မှစ၍ မိဘများခွင့်မလွှတ်နိုင်သည့် လူမှုရေးကိစ္စများ၊ ငွေရေးကြေးရေးကိစ္စများကို လွန်လွန်ကျူးကျူးလုပ်ဆောင်ခဲ့ပါသဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမပေးနိုင်ပါကြောင်းနှင့် ၎င်းအား သားအဖြစ်မှ ရာသက်ပန်အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်သန်း-ဒေါ်စန်းမွန်တို့၏ ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန္ဒာနွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၀၈၄)**
**မြရတနာ(၇)လမ်း၊ သခင်လှရှိန်ရပ်ကွက်၊ မိုးညိုမြို့။**
**ဖုန်း-၀၉-၄၂၃၇၄၉၂၂၈၊ ၀၉-၆၆၈၄၄၀၄၆၆**

## ကန့်ကွက်နိုင်ပါသည်

